

# ဘဝရဲ့ အားထားစရာ

ဘဒ္ဒန္တနာရဒါဘိဝံသ(လုရတနာ)

အမှတ် ..........
ရက်စွဲ ..........

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၄-စက်တင်ဘာလ။
အုပ်ရေ - ၁၀၀၀
စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)
ပုံနှိပ်သူ - ဦးမြင့်ဦး
(သိန်းသန်းဦး အောက်ဖ်ဆက်)
အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။
ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)
မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်မောင်၊

ဘဒ္ဒန္တနာရဒါဘိဝံသ- ဘဝရဲ့ အားထားစရာ
ရွှေကျေးစာပေ ၂၀၁၄-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂၊ စင်တီ
ဘဝရဲ့ အားထားစရာ

# ဘဝရဲ့ အားထားစရာ

(ဘဝရဲ့ အားထားစရာ အတု+အစစ်တွေကို ခွဲခြားပြီး
သုံးသပ်တင်ပြထားသလို ဘဝမှာ ကျန်းမာ သက်ရှည်ကြောင်း
နည်းလမ်းတို့ကိုလည်း စုံလင်စွာ ဖော်ပြထားသည်)

## လှူရတနာစာစဉ် (၄၈)


အရှင်နာရဒါဘိဝံသ (လှူရတနာ)
(ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,
သ-စ-အ ဓမ္မာစရိယ, ဝင်္ဂသကာ,ပါဠိပါရဂူ,)




| သာသနာ | ကောဇာ | ခရစ် |
| --- | --- | --- |
| ၂၅၅၈ | ၁၃၇၆ | ၂၀၁၄ |

# မာတိကာ

## (က) ဘဝရဲ့ အားထားစရာ


၁။ နဝရတ်ရတု မွေးနေ့မင်္ဂလာ ၁

၂။ ဘဝရဲ့ အားထားစရာ အမျိုးမျိုး ၄

၃။ ခမည်းတော်ကြီးနှင့် သားကြီးရဟန်း ၆

၄။ တရားမမွ ကပ်ဘိုသာ အဓိက ၈

၅။ ပုညကိရိယဝတ္ထု ကုသိုလ်(၃)ပါး ၁၁

၆။ စတုရာရက္ခဘာဝနာ ကိုယ်စောင့်တရား(၄)ပါး ၁၃

၇။ နေ့စဉ်ကျင့်ရန် တရား(၄)ပါး ၁၉

၈။ အဆောင်လက်နက် (၅)မျိုး ၂၀

၉။ သံဝေဂဝတ္ထု (၈)ပါး ၂၁

၁၀။ ကုသိုလ်ဖြစ်ရာ (၅)ဌာန ၂၂

၁၁။ နဝရတ်ရတုမှ စကား(၃)ခွန်း ၂၇

**(ခ) အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ** ၃၀

**(ဂ) အသက်ရာကျော် ရှည်ပါစေသော်** ၄၅

**(ဃ) ကျော်သုံးကျော်နှင့် လုရတနာ ဆရာတော်** ၅၄

# နိဒါန်းအမှာစာ

ခမည်းတော်ကြီးဦးသိန်းရမှာ သားဘုန်းကြီး (၃)ပါးတို့၏ ခမည်းတော်ကြီးဖြစ်၍ ကုသိုလ်ကံ ကြီးမားရကား သက်တော် (၉၀)ကျော်ထိ ရှည်လေသည်၊ အသက်(၉၀) နဝရတ်ရတု မွေးနေ့ပွဲကို မန္တလေးမြို့ ဘုရားကြီးတိုက် ဒေါနဖြဲ ကျောင်းတွင် ဆွေမျိုးသားချင်းများစုံလင်စွာဖြင့် ကျင်းပကြ၏။ ထိုပွဲတွင် စာရေးသူက **"ဘဝရဲ့ အားထားစရာ"** တရားကို ဟောကြားခဲ့ပါသည်၊ ထို့အပြင် **"နတ်ချစ်ဆေးသုတ္တန်များနှင့် အံ့ဖွယ်ဘုရားကြီး"** စာအုပ်ကိုလည်း ပင့်သံဃာအရှင်မြတ်တို့အား ဆက်ကပ်ခဲ့လေသည်၊ မနှစ်က (၉၁)နှစ်ပြည့် မွေးနေ့တွင်မူ **"မေတ္တာကွန်ရက်ဖြန့်ကျက်ခြင်း"** စာအုပ်ကို ရေးသားလျက် မွေးနေ့လက်ဆောင်ပေးခဲ့ပါသည်။

ယခုနှစ် (၉၂)နှစ်ပြည့်မွေးနေ့၌ကား နဝရတ်ရတု မွေးနေ့ပွဲတွင် ဟောကြားခဲ့သော **"ဘဝရဲ့အားထားစရာ"** တရားကို ရိုက်နှိပ်လျက် မွေးနေ့လက်ဆောင်အဖြစ် ပေးလှူရပါ၏၊ ဘဝရဲ့အားထားစရာ-ဟူသည် ဘာတွေပါလဲ-ဆိုသည်ကို စစ်တမ်းထုတ်ပြီးမှ အားထားစရာ အတု+အစစ်တွေကို ခွဲခြားပြီး သုံးသပ်တင်ပြထားပါသည်၊ သတ္တဝါတွေဟာ ဘဝရဲ့အားထားစရာအတုတွေကို အစစ်ထင်ပြီး အားကိုးမှားနေကြရှာ၏၊ သို့ဖြစ်၍ ဆင်းရဲ ဒုက္ခရောက်နေကြရခြင်း ဖြစ်သည်၊ ဘဝရဲ့အားထားစရာ အစစ်တွေကိုသာ ကြိုတင်ပြီး အားကိုးရာအဖြစ်ပြုထား မည်ဆိုပါက ဒီဘဝသာမကဘဲ တမလွန်ဘဝသံသရာထိပါ ချမ်းသာသုခအမျိုးမျိုးကို ရရှိကြရပေမည်။

**(ခ)**

ဤစာအုပ်တွင် ညောင်တုန်းကျောင်းတိုက် သက်တော်ရှည် ဆရာတော်ကြီး၏ နဝရတ်ရတုစာအုပ်တွင် စာရေးသူ ရေးသားပူဇော်ခဲ့သော " **အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ** " ဆောင်းပါးကို၎င်း၊ ဓမ္မမိတ္တ (ပေါက်ခေါင်း) ရေးသားပူဇော်သော **"အသက်ရာကျော် ရှည်ပါစေသော်"** ဝတ္ထုကို၎င်း၊ အိုအေစစ်ဂျာနယ်တွင် ဝေမိုး (ကျွန်းလှ) ရေးသားသော " **ကျော်သုံးကျော်နှင့် လှရတနာဆရာတော်** " ဆောင်းပါးကို၎င်း ထည့်သွင်း ဖော်ပြထားပါသည်၊ ယင်းဝတ္ထု ဆောင်းပါးတို့ကို ဖတ်ရှုခြင်းဖြင့် **"စာသင်တိုက်တို့မှ စာချ ဘုန်းကြီးတွေဆိုတာ ဒီလိုသာသနာပြုနေကြပါလား"** ဟူ၍ စာချဘုန်းကြီး တွေရဲ့ဘဝနှင့် စစ်မှန်သော သာသနာပြုလုပ်ငန်းကို မြင်တွေ့ရပေမည်။ ထိုသို့မြင်တွေ့ရသောကြောင့် စာရေးသူ အနေဖြင့် **"စာချ ဘုန်းကြီးများ ကျန်းမာသက်ရှည်စွာဖြင့် စာချလျက် သာသနာပြုနိုင်ကြပါစေ"** ဟူ၍ မေတ္တာပို့ ဆုတောင်းပေးမိပါသည်၊ စာရေးသူ မေတ္တာပို့ဆုတောင်း ပေးသလို စာရှုသူများလည်း မေတ္တာပို့ ဆုတောင်းပေးကြပြီး ဘဝရဲ့ အားထားစရာ အစစ်အမှန်တွေကို အားကိုးအားထား ပြုနိုင်ကြပါစေ။

အရှင်နာရဒါဘိဝံသ (လှရတနာ)

(၁၂-၉-၂၀၁၄)

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

# ဘဝရဲ့ အားထားစရာ

## နဝရတ်ရတု မွေးနေ့မင်္ဂလာ

ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်၊ ကြာသပတေးနေ့၊ ဒီနေ့ဟာ သားရဟန်း (၃)ပါးတို့ရဲ့ ခမည်းတော်ကြီး ရဟန်းဒါယကာကြီး၊ ကျောင်းဒါယကာ ဘုရားဒါယကာကြီး ဦးသိန်းရဲ့ အသက် (၉၀)ရောက်တဲ့ မွေးနေ့ဆိုတော့ လောကဝေါဟာရအနေနဲ့ **“နဝရတ်ရတု”** မွေးနေ့အလှူလို့ ပြောကြရတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အသက်ကိုးဆယ် ရောက်ဖို့ဆိုတာက အလွန်ခဲရင်းတာပါဘဲ။ ရှေးကုသိုလ်ကံလည်း အလွန်ကြီးမားမယ်၊ ဒီဘဝမှာလည်းပဲ အကြောင်းတရားတွေ ညီညွတ်နေမှပဲ အသက်ကိုးဆယ်ကို ရောက်နိုင်တာပါ။ ခမည်းတော်ကြီး ဦးသိန်းရဲ့ အမေတွေ အဖေတွေဟာ ကိုးဆယ်ထိ ရောက်မသွားဘူး၊

ခမည်းတော်ကြီး ဦးသိန်းရရဲ့ ဆရာသမားတွေ ဆရာတော်တွေ ဖြစ်ကြတဲ့ သရက်တောဘုန်းကြီး ဦးစိန္တာတို့ မကျီးစောက် ရွှေထီးပေါက်ဆရာတော် ဦးမာလာ-တို့လည်း ကိုးဆယ်ထိ မရောက်သွားဘူး။ ထို့အတူ မိမိရဲ့ ဇနီးဖြစ်တဲ့ ဒေါ်ခင်ညွန့်လည်း ကိုးဆယ်ထိ ရောက်မသွားဘူး၊ ထို့အတူ ခမည်းတော်ကြီးရဲ့ သားတွေ၊ သမီးတွေလဲ ကိုးဆယ်ထိ ရောက်ဖို့မလွယ်ပါဘူး။ ရောက်ဖို့ခဲယဉ်းလှပါတယ်။ဒါပေမယ့် ခမည်းတော်ကြီးအနေနဲ့ ကတော့ မိမိရဲ့မိဘတွေ ဆရာတော်တွေ ဇနီးသားသမီးတို့ မရောက်နိုင်တဲ့ ကိုးဆယ်ကို ရောက်သွားတယ်ဆိုတော့ ရှေးကုသိုလ်ကံ တော်တော် ကြီးမားတယ်ဆိုတာ သိလိုက်ရတယ်။ တစ်ချို့ ပုဂ္ဂိုလ်လည်း ကိုးဆယ်ရောက်တာရှိပါရဲ့ တိတ်တိတ် ဆိတ်ဆိတ်နဲ့ပဲ အသက်ကိုးဆယ်ကို ဖြတ်သန်းသွားရတယ်။ ခမည်းတော်ကြီးမှာတော့ အသက် (၉၀)ရောက်တဲ့အခါ သားတွေ၊ သမီးတွေ၊ တူတွေ၊ တူမတွေ၊ မြေးတွေနဲ့ ဆွေမျိုးသားချင်းတွေ တက်တက်ကြွကြွ မြူးမြူးကြွကြွ ရွှင်ရွှင်လန်းလန်း လာရောက် ပြီးတော့ မွေးနေ့ကို ဝိုင်းဝန်း ပံ့ပိုးပေးကြတယ်၊ သံဃာတော်တွေ အနေနဲ့ဆိုရင်လည်းပဲ ဘုရားကြီးတိုက်ရဲ့ မဟာနာယက တိုက်အုပ် ဆရာတော် သက်တော်ကိုးဆယ်ဘဲ ခမည်းတော်ကြီးထက် ကြီးတယ်။ လည်ပေါ် ဆရာတော်ကြီး ဦးကာရုဉကိုယ်တိုင် ကြွရောက်ပြီးတော့ ချီးမြှောက်သွားတယ်။ မနက်က ဒေါနခြံ အုတ်ကျောင်း အောက်ထပ်မှာ သံဃာတော်တွေ အပြည့်ကြီးပါပဲ အဲ့ဒီသံဃာအပြည့် ကြီးနဲ့ ဆက်စပ်ပြီး လည်ပေါ် ဆရာတော်ကြီးက

အမိန့်ရှိသွားတယ်။ တပည့်တော်ရဲ့ကျောင်းမှာ အလှူတန်းလုပ်ရင် သံဃာဘယ်တော့မှ ဒီလောက်များများ မလာဘူး၊ ချောင်ချောင်နဲ့ပဲ ပြီးသွားတယ်။ ခုဒီမှာတော့ ပြည့်ပြည့် ကြပ်ကြပ်နဲ့ သံဃာတော်တွေ အများကြီး လာချီးမြှောက်တာ ဝမ်းသာရတယ်။ ဒီလိုမိန့်ကြား သွားတယ်။ အဲ့တော့ ဆိုပါစို့ ရောက်တဲ့အခါ မိသားစု ဆွေမျိုး သားချင်းတွေကလည်း သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်ပြီးတော့ မွေးနေ့ပွဲချီးမြှောက်ကြသလို သံဃာတွေက လည်းပဲ ဒေါနခြံကျောင်း အောက်ထပ် ပြည့်ကြပ်သွားအောင်ကို ကြွရောက်ချီးမြှောက်တယ်ဆိုတော့ ခမည်းတော်ရဲ့မွေးနေ့ဟာ အခြား နဝရတ်ရတု မွေးနေ့ရှင် ပုဂ္ဂိုလ်တွေထက် ပိုပြီးတော့ ပျော်စရာကောင်းတယ်။ မွေးနေ့လက်ဆောင်တွေ ရလိုက်တော့ ပိုပြီးတော့ ပျော်စရာကောင်းတယ်။

မနက်ဖြန်ခါမှာ ဦးပွါးဘုရားကြီး ဗုဒ္ဓခြေတော်ရာ ဌပနာ ပိတ်ပွဲကိစ္စ, မဟာသမယသုတ် ပါဠိတော်ကမ္မဝါစာ, လှူဒါန်းမှု ကိစ္စအားဖြင့် ဒီကိစ္စ(၂)ခုကိုလည်း ဆောင်ရွက်ရမယ်၊ မွေးနေ့ပွဲဟာ ပြည့်ပြည့်စုံစုံ ပိုပိုလျှံလျှံဆိုတော့ ဝမ်းသာရတယ်။ ကြာသပတေး နေ့ဟာ ခမည်းတော်ကြီး မွေးနေ့ဆိုတော့ ဒီမွေးနေ့မှာ မိသားစု ဆွေမျိုးသားချင်းတွေရော သံဃာတော်တွေပါ ပြည့်ပြည့်စုံစုံ လာရောက်ပြီး ချီးမြှောက်တယ်ဆိုတော့ ပျော်စရာကြီးပါပဲ၊ ဘုန်းဘုန်းတို့ အနေနဲ့လည်းပဲ ကိုယ့်အသက်ဟာ အသက်(၉၀) မရောက်နိုင်လောက်ပါဘူး။ ကိုယ့်အသက်မရောက်ပေမဲ့ ကိုယ့် ခမည်းတော် ရောက်တယ်ဆိုတော့လည်း ကိုယ်ရောက်တဲ့

အတိုင်းပဲ ဝမ်းသာပေးလိုက်ရတယ်။ အဲ့တော့ မိမိတို့ရဲ့ ဘကြီး ဦးကြီး မိမိတို့ရဲ့မိဘ မိမိတို့ရဲ့ အဘ စသည်ဖြင့်ပေါ့လေ ဆွေမျိုး တွေတော်စပ်ကြတယ်။ အဲ့လိုဆွေမျိုး တွေစုံတဲ့ နဝရတ်ရတု မွေးနေ့ပွဲမှာ အမှတ်တရစကားပြောကြားမှာကတော့ **"ဘဝရဲ့ အားထားစရာ"**ဆိုတာကို ပြောပြမှာပါ။

## ဘဝရဲ့အားထားစရာ အမျိုးမျိုး

ဘဝရဲ့အားထားစရာ-ကဘာလဲတဲ့ ဘဝရဲ့ အားထားစရာ ဆိုတာကတော့ အများကြီးဖြစ်နိုင်တာ ပေါ့လေ သားသမီးရဲ့ အားထားစရာဆိုရင်တော့ မိဘပဲ၊ ဒီမိဘတွေကပဲ နို့ချိုတိုက်ကျွေးရ အစားအသောက် တွေပေးရ၊ အဝတ် အထည်တွေ ဆင်ပေးတယ်၊ အတတ်ပညာတွေ သင်ပေးတယ်၊ အဲ့တော့ သားသမီးရဲ့ အားထားစရာ ဆိုရင်တော့ မိဘလို့ပဲပြောမှာပဲ။ မိဘကလည်း အပြန်အလှန်ပေါ့လေ၊ ကိုယ့်သားသမီးဟာ ကိုယ့်ဘဝရဲ့ အားထား စရာပါ၊ မိမိတို့ ကြီးရင် သူတို့ဘဲ သားသမီး,မြေးတွေကိုပဲ တောင်ဝှေးလို အားကိုးရတယ် မိဘကလည်း သားသမီး, မြေးကို မိမိဘဝရဲ့ အားထားစရာလို့ပဲ လက်ခံထားမှာပါ။ အရွယ်ရောက် လာတဲ့အခါကြတော့လည်း သူငယ်ချင်းအချင်းချင်း ခင်မင် ရင်းနှီးတယ်ဆိုရင် ဘဝရဲ့အားထားစရာ သူငယ်ချင်းအချင်းချင်းလို့ ပြောကြမှာပဲ၊ အဲ့ဒီထက် အသက်ကြီးတဲ့ အခါကြရင်လဲ သမီးရည်းစား ချစ်သူတွေ ရတယ်ဆိုလဲ အပြန်အလှန်ပေါ့လေ၊ သမီးရည်းစား ချစ်သူတွေရဲ့ ဘဝလက်တွဲဖော် ဘဝကြင်ဖော် ဇနီးမောင်နှံဟာ ဘဝရဲ့အားထားစရာလို့ ပြောကြမှာပါ။ နောက်ပြီး

ဘွဲ့တွေရ အလုပ်အကိုင်တွေရ စီးပွားရေးတွေ လုပ်ပြီ ဆိုပြန်တော့လဲ ဒီဘွဲ့ဟာ ကိုယ့်ရဲ့ ဘဝတက်လမ်း အားထားစရာလို့ ပြောမှာပဲ။ ဘွဲ့ရပြီးတဲ့နောက် အလုပ်ရပြန်တော့လဲ ရာထူးရတဲ့အခါ ကိုယ်ရတဲ့အလုပ် ကိုယ်ရထားတဲ့ ရာထူးဟာ ကိုယ့်ဘဝရဲ့ အားထားစရာလို့ပဲ ပြောကြမှာပဲ။ အဲ့တော့ သူ့အတိုင်းအတာလေးနဲ့သူ မှန်ကြတာပါပဲ။ ဒီထက် ထပ်ချဲ့မယ်ဆိုရင်လည်း ငွေကြေး စီးပွားရေးရှိမှ အရာရာမှာ လူရာဝင်တယ်ဆိုတော့ ငွေကြေး စီးပွားရေးဟာ ဘဝရဲ့အားထားစရာပဲ၊ ရာထူးအာဏာ ပါဝါရှိမှ လူတွင်ကျယ်ဆိုပြီးတော့ ရာထူး အာဏာပါဝါဟာလည်း ဘဝရဲ့ အားထားစရာလို့ ပြောမယ်ဆိုရင်လည်း မှန်တာချည်းပါပဲ၊ အဲ့ဒီတော့ အရွယ်အားလျော်စွာ အချိန်အားလျော်စွာ ဘဝရဲ့အားထားရာတွေက သူ့အတိုင်း အတာနဲ့သူ မှန်ကြတာချည်းပါပဲ၊ ခုဆိုလည်း အသက်(၉၀)ပြည့်မှာ ဆွေမျိုးမရှိဘူး၊ ငွေကြေးစီးပွား မရှိဘူးဆိုရင် ဒီလိုစည်စည် ကားကား ကြီးကြီးကျယ်ကျယ်ကြီး ဘယ်ဖြစ်နိုင်မှာလဲ၊ ငွေကြေးစီးပွားရေးရှိလို့ ဆွေမျိုးသားချင်းရှိလို့သာ ခုလိုမွေးနေ့ပွဲကြီး ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ်ဖြစ်ရတာ၊ အဲဒီတော့ ဘဝရဲ့အားထားစရာက ဆွေမျိုး သားချင်းတွေဆိုလဲ မှန်တာပါပဲ ငွေကြေးစီးပွားရေး ပြောရင်လည်း မမှားပါဘူး၊ သို့ပေမဲ့ ခုပြောခဲ့တဲ့ မိဘသားသမီး၊ သူငယ်ချင်း၊ သမီးရည်းစား၊ ဇနီးမောင်နှံ၊ ဘွဲ့၊ အလုပ်အကိုင်၊ ရာထူး၊ စီးပွားရေးငွေကြေးတွေဟာ အမြဲတန်းကြီးပဲ ဘဝရဲ့ အားထားစရာ ဖြစ်သလားလို့ စီစစ်ကြည့်ရင်တော့ အမြဲတန်းကြီး ဘဝရဲ့အားထားစရာ မဟုတ်ပါဘူး။

သူ့အချိန်ပိုင်းလေး အချိန်အခါလောက်ပဲ ဘဝရဲ့အားထားစရာ ဖြစ်တာပါပဲ။ အကယ်၍ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ဖြစ်လာပြီဆိုရင် အဲ့ဒီမိဘတွေ သားသမီးတွေ မြေးတွေ မြစ်တွေ အလုပ်အကိုင်တွေ သူငယ်ချင်းတွေ ဇနီးမယား၊ သားသမီး၊ ခင်ပွန်း၊ လင်၊ ရာထူးအာဏာ ငွေကြေး၊ စီးပွားရေးဟာ အားထားစရာ မဟုတ်တော့ပါဘူး။ မယ်တော်ကြီး ဒေါ်ခင်ညွန့်ပဲ ကြည့်ပေါ့လေ၊ မြို့တော်ဆေးရုံမှာ ရောဂါဖောက်လာတဲ့အခါ ဘယ်လင်၊ ဘယ်သားသမီး၊ ဘယ်မြေး၊ ဘယ်ဆရာဝန်၊ ဘယ်သူနာပြုမှ မစွမ်းဆောင်နိုင်ဘူး၊ ဒီတိုင်းကြီးပဲ မတ်တပ်ရပ်ပြီး ငုတ်တုတ်ထိုင်ပြီးတော့ ငေးပြီး အသက်ထွက်မဲ့ အချိန်ကို ထိုင်စောင့် နေရတယ်။ မယ်တော်ကြီးအနေနဲ့ သေချင်းတရားကို လည်စင်းပြီးတော့ ခံသွားရတယ်။

## ခမည်းတော်ကြီးနဲ့ သားကြီးရဟန်း

ခုနကပြောလိုက်တဲ့ ဘဝရဲ့အားထားစရာတွေဟာ အားထားစရာ မဖြစ်တော့ဘူး သားရဟန်းတွေ၊ သမီးမြေး တွေက ဘာမှ အားထားစရာ မဟုတ်ပါဘူး။ ဒီအတိုင်း ပရိတ်ပဌာန်းလေး ရွတ်ပေးလိုက်ရုံပဲရှိတယ်။ ရွတ်ပေးလည်း သူ့ရောဂါဝေဒနာဟာ မသက်သာပါဘူး၊ မသက်သာလို့ပဲ သူသေသွားရတာပါ၊ သက်သာလို့ရှိရင် ခုချိန်မွေးနေ့ပွဲ ဆက်ပြီး ဆင်နွဲနေမှာပဲ၊ အဲ့တော့ တကယ်ရောဂါဝေဒနာ ဖြစ်ပြီဆိုရင် ဘဝရဲ့အားထားစရာက ဘာလဲ တကယ် နာဘေးကြုံ၊သေဘေးကြုံလာတဲ့အခါကြရင် ဘဝရဲ့အားထားစရာက ဘာလဲဆိုတာ ဒါစဉ်းစားစရာပါပဲ

ဒီအကြောင်းကို မနေ့ညကပဲ (၁၀)နာရီလောက်မှာ ခမည်းတော်ကြီးနဲ့ စကားပြောရင်း ပေါ်လာတယ်။ သား ရဟန်း(၃)ပါးထဲမှာ အလတ်ရဟန်းနဲ့ အငယ်ရဟန်းက တစ်နေရာဆီရောက်နေတော့ နေရာလည်း မပေးနိုင်ဘူး၊ စားစရာလည်း မကျွေးနိုင်ဘူး၊ ငွေကြေးနဲ့ဆေးဝါးပဲ ထောက်ပံ့နိုင်တယ်၊ အကြီးဆုံးသားရဟန်းကမှ နေရာလည်းပေးတယ်၊ စားစရာလည်း ကျွေးတယ်ဆိုတော့ အကြီးဆုံးသားရဟန်းကို ကျေးဇူးတင်ရမယ်။ ကျန်တဲ့သားရဟန်းနှစ်ပါးထက် အနီးနေ ပြုစုတဲ့သားရဟန်း၊ ထို့အတူ ပြုစုတဲ့သမီး ပြုစုတဲ့မြေးက အဓိကပါပဲ။ အဝေးက ဟာတွေက ငွေကြေးထောက်ပံ့ရုံနဲ့ စားစရာ သောက်စရာ ဆေးဝါးလောက်ပဲ ထောက်ပံ့တာ။ သူတို့က အဓိကမကျဘူး အဓိကကျတဲ့ ပုဂ္ဂိုလ်က ကိုယ့်အနီးအနားနေတဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဒါပေမယ့် ခမည်းတော်ကြီးက သားအကြီးရဟန်းကတဲ့ သူ့အနားလဲ လာမကပ်ဘူး၊ သူ့ဆီလည်း လာစကားမပြောဘူးဆိုတော့ အားမလိုအားမရ ဖြစ်နေတာပေါ့လေ။ ဒါကတော့ အတိုင်းအတာနဲ့ပဲ ဖြစ်မှာပဲ၊ သူ့မှာ ဘုရားကြီးကျောင်းတိုက်ကိစ္စ၊ ဒေါနဖြူ အုတ်ကျောင်းကိစ္စ၊ ဦးပွါးဘုရားကိစ္စ၊ စာချစရာကိစ္စအားဖြင့် သူ့ရဲ့ကိုယ်ပိုင် အလုပ်ကိစ္စတွေရှိတယ်။ သူ့ရဲ့ ကိုယ်ပိုင်ကိစ္စတွေရှိနေတော့ အားအား ယားယား လာပြီးတော့ ဘယ်စကား ပြောနိုင်မှာလဲ၊ ကိုယ်ကတော့ ငါကအဖေ သူကသားပဲ၊ ငါ့သားက ငါ့နားလာပြီးတော့ စကားပြောစေချင်မှာပဲ၊ သူလဲ ပြောချင်မှာပဲ၊ ပြောချင်ပေမယ့် ခုနကပြောတဲ့ သာသနာရေး အလုပ် ကိစ္စတွေရှိနေတော့ ဘယ်ပြောနိုင်မှာလဲ၊ အဲ့တော့ သူ

ကိုယ့်အနားမှာ ကပ်မကပ်က အဓိကမကျဘူး၊ ကိုယ့်ကို နေရာထိုင်ခင်းတွေ ပေးထားတယ်။ အစား အသောက်တွေ ကျွေးထားတယ်၊ ဒါဆို သူတာဝန်ကျေပြီ ဒါဖြင့် ကိုယ့်အနားမှာ ဘယ်သူကပ်ရမယ်ဆိုတာကတော့ ကိုယ့်စိတ်အစဉ် သန္တာန်မှာ တရားကပ်ဖို့က အဓိကပါပဲ၊ ကိုယ့်မှာ တရားရှိနေပြီဆိုမှ ဘယ်သားသမီးတွေကမှ မကပ်လည်း ကိစ္စမရှိဘူး၊ ဘယ်မြေးမြစ်မှ ကိုယ့်အနားမကပ်လည်း ကိစ္စမရှိဘူး။

## တရားမှ ကပ်ဘို့သာ အဓိက

ကိုယ့်တရားက ကိုယ့်အနားရှိနေဖို့ပဲ၊ အဲ့ဒီတရားကမှ တကယ်နာတဲ့ အချိန်ကျရင် ရောဂါ ဝေဒနာကို ရှုမှတ်နိုင်တယ်။ ဆင်ခြင်နှလုံးသွင်းနိုင်တယ်။ တကယ်သေခါနီးအချိန်မှာ အဲ့ဒီတရားကမှသာ အားကိုးအားထားပြုရမှာ၊ ကိုယ်ကျင့်သုံးနေတဲ့ ကိုယ်ရှုမှတ် ဆင်ခြင်နှလုံးသွင်းနေတဲ့ တရားကပဲ စုတေခါနီးကျမှ ကုသိုလ်စိတ်နဲ့ယှဉ်ပြီးတော့ စုတေစိတ်ကျတဲ့အခါ တမလွန်ကောင်းရာမွန်ရာ သုဂတိဘဝကို အဲ့ဒီတရားကမှ ပို့ပေးနိုင်တယ်။ အဲ့တော့ တရားဟာ ကိုယ်ကျင့်သုံးနေမယ်ဆိုရင် ဒီဘဝမှာလည်း ရောဂါဝေဒနာ ဖိစီးမှုဒဏ်ကို ခံနိုင်တယ်။ ဒီဘဝအတွက်လည်း ချမ်းသာတယ်။ ခန္ဓာကိုယ်ရဲ့သဘာဝကွယ်လွန် အနိစ္စရောက်မယ်ဆိုရင်လည်းပဲ ဒီကုသိုလ်တရားကပဲ တမလွန်ကို ကောင်းရာမွန်ရာ ပို့ပေးမယ်။ ဒီလို ဆိုတော့ ဘဝရဲ့အားထားစရာက တရားပဲ၊ တရားကမှ အမြတ်ဆုံးပဲ။ ကျန်တဲ့သားသမီး ဇနီးမယား ခင်ပွန်းနဲ့သူငယ်ချင်း၊ သမီးရည်းစား၊ အလုပ်အကိုင်၊ ရာထူး၊ စီးပွားရေး

ငွေကြေး ဒါတွေဟာ အားကိုးအားထားစရာ အချိန်ပိုင်းလောက်ပဲ ဖြစ်တယ်။ သေခါနီးအချိန်မှာ အဲ့ဒီ သားသမီးတို့ ဇနီးမယားတို့ သူငယ်ချင်းတို့ သမီးရည်းစားတို့ ဆွေမျိုးသားချင်းတို့ စီးပွားရေးတို့ ငွေကြေးတို့ ရာထူးတို့ အာဏာတွေကိုများ စွဲလိုက်ရင် စွဲလိုက်တဲ့ လောဘဇော အကုသိုလ်ဇောက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရ ကာယ်ဆိုတဲ့ အပါယ်လေးဘုံကိုပို့လိုက်ရင် သွားပါလေရော။ တရားကတော့ သူက ကိုယ့်သန္တာန်မှာ တရားကပ်နေမယ်။ တရားရှုနေမယ်, တရားဆင်ခြင်နေမယ်။ တရားနှလုံးသွင်း နေမယ် ဆိုရင် ဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာကိုလည်း တရားနဲ့ ဆင်ခြင် နှလုံးသွင်းနိုင်တဲ့အတွက် မသေခင် ဒီဘဝလည်း ချမ်းသာပါတယ်။ ကွယ်လွန်အနိစ္စရောက်ရင်လည်း သူက တရားရှိထားတော့ ဒီကုသိုလ်တရားက တမလွန်ကို ကောင်းရာမွန်ရာ ပို့ပေးလိုက် တယ်။ ကောင်းရာမွန်ရာ လူ့ပြည် နတ်ပြည်သုဂတိကို ပို့လိုက် တော့ ချမ်းသာတယ်။ အဲ့တော့ ဘဝရဲ့အားထားစရာဟာ ကိုယ်ကျင့်သုံးရမယ့် ကုသိုလ်တရားပဲ။ ဒီကုသိုလ်တရားရှိနေရင် ဒီဘဝမှာ ချမ်းသာသလို တမလွန်ဘဝမှာလည်း ချမ်းသာပါတယ်။ ဒီအကြောင်းကို မြတ်စွာဘုရားရှင်က ဝါသေဋ္ဌနှင့် ဘာရဒွါဇဆိုတဲ့ ကိုရင်လေးတွေကို ဟောပြလိုက်တယ်။

**“ဓမ္မော ဟိ ဝါသေဋ္ဌ သေဋ္ဌော ဇနေတသ္မိံ ဒိဋ္ဌေစေဝ ဓမ္မေ အဘိသမ္ပရာယဉ္စ” ဝါသေဋ္ဌ** -ချစ်သား ဝါသေဋ္ဌ ။ **ဓမ္မော**-မိမိကျင့်သုံးထားတဲ့ ဒါနကုသိုလ်တရား သီလ ကုသိုလ်တရား၊ သမထ,ဘာဝနာ ကုသိုလ်တရားများ၊ ဝိပဿနာ

ဘာဝနာ ကုသိုလ်တရားသည်။ **ဇနေတသ္မိံ** - သတ္တဝါ အပေါင်းတွင်။ **ဒိဋ္ဌေဝ ဓမ္မေ** - ဒီမျက်မှောက်ဘဝ၌၄င်း၊ **အဘိသမ္ပရာယဥ္စ** -ဒီဘဝမှကွယ်လွန်ပြီး နောက်ဘဝသံသရာ၌၄င်း။ **သေဋ္ဌော-** အားကိုးအားထားပြုရာ အမြတ်ဆုံးဖြစ်ပါပေ၏။ တရားဓမ္မသည်သာလျှင် ဘဝရဲ့အားကိုးအားထားစရာပဲ။ ကျန်တဲ့ဟာတွေက သူ့အတိုင်းအတာနဲ့ သူ့အချိန်ပိုင်းအလိုက်တော့ ဟုတ်ပါတယ်။ တစ်သက်လုံး, တစ်ဘဝလုံးရဲ့ အားကိုးအားထားရာတော့ မဟုတ်ပါဘူး။ *(ဒီ၊ ၃၊ ၆၈၊ အဂ္ဂညသုတ်)*

ဒီအကြောင်းကို ဘုရားရှင်က ကိုရင်ဝါသေဋ္ဌကို ဆက်ပြီးတော့ ဟောပြတယ်။ သာကီဝင်မင်းတွေရဲ့ နိုင်ငံက သက္ကတိုင်း ကပိလဝတ္ထုနေပြည်တော်ပါ ဘုရားရဲ့မွေးရပ်မြေပေါ့။ အဲ့ဒီ သက္ကတိုင်း၊ ကပိလဝတ္ထုနေပြည်တော်က ဘယ်မင်းရဲ့ လက်အောက်ခံလည်းဆိုတော့ ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ကောသလမင်းကြီးရဲ့ လက်အောက်ခံ နယ်ပယ်တွေပဲ၊ ကောသလ မင်းက ကောသလတိုင်း,သက္ကတိုင်းတွေကို အုပ်ချုပ်ရတယ်။ သာကီဝင်မင်းတွေက ကောသလတိုင်းရဲ့ လက်အောက်ခံ သက္ကတိုင်းရဲ့ တစ်စိတ်တစ်ဒေသကိုပဲ အုပ်ချုပ်ရတယ် ကောသလမင်းက အထက်က ရာထူးအာဏာအနေနဲ့ အောက်မှ သာကီဝင်မင်းတွေကို အုပ်ချုပ်ရတယ်၊ သာကီဝင်မင်းတွေက ကောသလမင်းကြီးကို အခွန်တွေ ဆက်သရတယ်၊ လက်အုပ်ချီပြီး ရှိခိုးရတယ် အရိုအသေ ပေးရတယ်၊ ဒါရာထူး အာဏာပါဝါအလိုက် လောကရဲ့ ဝတ်တရားကျင့်စဉ်ပဲ၊ ဘာဖြစ်လို့လဲ ကောသလမင်းက

ရာထူးအာဏာကြီးနေတယ် သာကီဝင်မင်းတွေက ရာထူးအာဏာငယ်နေတယ်၊ နောက်တစ်ခါ ကောသလမင်းဟာ သာကီဝင်မင်းကဖြစ်လာတဲ့ မြတ်စွာဘုရားရှင်ကို ရှိခိုးရတယ် ခရီးဦး ကြိုဆိုရတယ်၊ နေရာထိုင်ခင်း ပေးရတယ် အရိုအသေအလေးအမြတ် ပြုရတယ် အဲဒီလို အရိုအသေ အလေးအမြတ်ပြုတဲ့အခါ ကောသလမင်း အနေနဲ့ ဘုရားရှင်က အမျိုးမြတ်တယ်၊ ငါက အမျိုးညံ့တယ်၊ အဲဒီလိုအကြောင်းကြောင့် အရိုအသေပေး ရှိခိုးတာ မဟုတ်ဘူး ဘုရားကလဲ အမျိုးမြတ်သလို ကောသလမင်းလဲ ခတ္တိယ မင်းမျိုးဆိုတော့ အမျိုးမြတ်တာပဲ၊ ဒါပေမယ့် တရားဓမ္မအဆင့်အတန်းချင်းကြတော့ ဘုရားရှင်က မြင့်တယ်၊ ကောသလမင်းက နိမ့်တယ်၊ ကောသလမင်းက တရားဓမ္မကို ပူဇော်တဲ့အနေနဲ့ ဘုရားရှင်ကို အရိုအသေပေးပြီး ရှိခိုးတာပါ။

## ပုညကိရိယဝတ္ထု ကုသိုလ် (၃)ပါး

အမျိုးနိမ့် အမျိုးမြင့်တာက အဓိကမကျဘူး ကုသိုလ်စိတ်ဖြစ်နိုင်သမျှဖြစ်အောင် နေထိုင် ကျင့်သုံးဖို့အဓိက လိုအပ်တာပဲ၊ ဘယ်ကုသိုလ်တရားဓမ္မတွေကို ကျင့်သုံးရမှာလဲဆိုတော့ လူသားတွေ အတွက်ဆိုရင် ဒါန,သီလ,ဘာဝနာဆိုတဲ့ ပုညကိရိယာဝတ္ထု (၃)ပါးပါပဲ၊ ပုညကိရိယာဝတ္ထု (၃)ပါး ကုသိုလ်တရားကို နေ့စဉ်ကျင့်သုံးကြရပါမယ်၊ ဒါကိုရှေးဆရာတွေက-

**"ဒါန သီလ၊ မြတ်ပုညကို၊ လူကသာမေ့၊ တံမမေ့ဘူး၊ ဘယ်နေ့ ဘယ်ည၊ ဘယ်ခဏတွင်၊ ကောင်းမှု ရှင်၏၊ လိုအင်ဆန္ဒ၊ ကျိုးဖလကို၊ ပေးရမည်နည်း၊ သိမ်းဆည်း**

**အခွင့်၊ စောင့်မျှော်လင့်၏"** ဟူသော လင်္ကာလေးဖြင့် ပြောပြကြတယ်၊ ဒီပုညကိရိယာဝတ္ထု (၃)ပါးထဲမှာ ဒါန,သီလ-က ထင်ရှားပြီးသားပါ၊ ဘာဝနာ ကုသိုလ်တရားအတွက်ကတော့ လွယ်လွယ်နဲ့ ရယူနိုင်တဲ့ **"ရှင်အရဟံ ပုတီးစိတ်နည်း"**ဖြင့် ရယူနိုင်ပါတယ်၊

**၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ, နေသောဟမသ္မိ, နမေသော အတ္တာ။ ၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ, နေသောဟမသ္မိ, နမေသော အတ္တာ။ ၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ, နေသောဟမသ္မိ, နမေသော အတ္တာ။ ၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ, နေသောဟမသ္မိ, နမေသော အတ္တာ။ ၅။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။**

အလွန်ကောင်းတဲ့ ပုတီးစိပ်နည်းပါပဲ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒါ သရဏံဂုံ ၃-ပါး ဆောက်တည်တဲ့ သရဏဂုံကုသိုလ် သမထဘာဝနာ ရရုံတင်မက နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ, နေသောဟ မသ္မိ, နမေသော အတ္တာ လို့ ဆင်ခြင်လိုက်တော့ နာမ်ရုပ် (၂)ပါးရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုး မရပုံ၊ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာမဟုတ်ပုံကို ဝိပဿနာ ဘာဝနာ အနေနဲ့ပါ ပွားများပြီးသား ဖြစ်သွားတယ်။

## စတုရာရက္ခဘာဝနာ ကိုယ်စောင့်တရား (၄)ပါး

ရဟန်းတွေ အတွက်ဆိုရင်တော့ စတုရာရက္ခဘာဝနာ (၄)ပါးကို ပွားများရုံပါပဲ၊ သမထကမ္မဋ္ဌာန်း ဘာဝနာ (၄၀) တို့တွင် နေ့စဉ်နေ့တိုင်း အမြဲမပြတ် ဆင်ခြင်နှလုံးသွင်းအပ် ပွားများ အပ်သော ကမ္မဋ္ဌာန်း လေးမျိုးကို၊ အဋ္ဌကထာတို့၌ **“စတုရာရက္ခ ဘာဝနာ”** အမည်ဖြင့်လည်းကောင်း၊ **“သဗ္ဗတ္ထက ကမ္မဋ္ဌာန်း”** အမည်ဖြင့်လည်းကောင်း အမည်(၂)မျိုးဖြင့် သတ်မှတ်လျက် ထုတ်ပြထားတယ်၊ ကမ္မဋ္ဌာန်း (၄)ပါးတို့ကတော့ -

**ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘာ မရဏဿတိ။**
**အတ္ထနာ ရက္ခိတဗ္ဗာစ၊ အတ္တာနံ ရက္ခကာစ တေ။**

ဟူသော ဂါထာနှင့် အညီ (၁) ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း**- ဘုရားမြတ်စွာ၏ အရဟံ စသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ ကြံစည်အောက်မေ့ ပွားများခြင်း၊ (၂) မေတ္တာ**ကမ္မဋ္ဌာန်း** - သတ္တဝါတွေ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေဟူ၍ မေတ္တာပွားများ ပို့သခြင်း၊ (၃) အသုဘ**ကမ္မဋ္ဌာန်း** -ခန္ဓာကိုယ်၌ (၃၂) ပါးသော ကောဋ္ဌာသနှင့် (၁၀) ပါးသော အသုဘတို့သာရှိ၏၊ သာယာနှစ်သက်ဘွယ်မရှိ စက်ဆုတ်ရွံရှာဘွယ် အတိဖြစ်၏ဟူ၍ ပွားများခြင်း၊ (၄) မရဏဿတိ ကမ္မဋ္ဌာန်း-ငါခန္ဓာနှင့်တကွ သတ္တဝါတွေအားလုံး အမှန်မုချ တနေ့နေ့တွင်သေကြရမှာပါတကားဟူ၍ သေခြင်း သဘော ကို အောက်မေ့ပွားများခြင်းတို့ ဖြစ်ကြတယ်။ ဒီကမ္မဋ္ဌာန်း (၄) ပါးတို့ဟာ မိမိကပွားများသောအားဖြင့် စောင့်အပ်သောတရား မိမိကိုဆင်းရဲဒုက္ခ**မှလွတ်အောင်** စောင့်တတ်သော တရားတို့

ဖြစ်ကြ၏၊ ဒီစတုရာရက္ခကမ္မဋ္ဌာန်း (၄) ပါးကို နေ့စဉ်နေ့တိုင်း ပွားများရန် စူဠဝဂ္ဂ အဋ္ဌကထာ၌ **"ဒိဝသေ ဒိဝသေ သီလာနိ အာဝဇ္ဇေန္တော စတုရာရက္ခံ အဟာပေန္တော ယောနိသော မနသိကာရ ဗဟုလာ ဝိဟရထ"** ဟူ၍ ဩဝါဒစကားအဖြစ် မှာကြားတိုက်တွန်း ထားသောကြောင့် နေ့စဉ်နေ့တိုင်း မနက် တစ်ကြိမ် ညတစ်ကြိမ် အားဖြင့် တစ်နေ့နှစ်ကြိမ် ပွားများ အား ထုတ်ကြရမယ်၊ အကျဉ်းချုပ် ပွားများတဲ့အနေနဲ့ လိုက်ဆိုကြမယ်။

**ဘုရားအာရုံ၊ မေတ္တာထုံ၍၊ တဖုံကာယ၊ အသုဘနှင့်၊ မရဏဿတိ၊ ဤလေးလီ၊ ကိုယ်စီ စိတ်စောင့် တရားတည်း။**

**(၁) ဗုဒ္ဓါ နုဿတိ - ဘုရားဂုဏ် ပွားများပုံ**

တို့ဘုရားမူ (၁) နတ်လူတို့ကပူဇော်ရ၏ (၂) ဓမ္မဉဿုံ အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ (၃)ဝိဇ္ဇာစရဏ ပြည့်စုံလှပြား (၄)စကားကောင်း ကို ကိုယ်တော်ဆို၏ (၅) ထိုထိုလောက သိတတ်လှ၏ (၆) ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏ (၇) နတ်လူဆရာ (၈) သစ္စာသိမြင် (၉) ဘုန်းအရှင်သည် ကိုးအင်ဘုရားဂုဏ်တော်တည်း။

**နမော ဗုဒ္ဓဿ, နမော ဗုဒ္ဓဿ, နမော ဗုဒ္ဓဿ**

**ဗုဒ္ဓဿ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်ပင် သိမြင်တော်မူသောကြောင့် သဗ္ဗညုတ ဉာဏ်တော် ကို ရရှိတော်မူပြီးလျှင် ဒသဗလဉာဏ် ဆယ်တန်တို့၌လည်း ဝသီဘော်မြောက် ရောက်တော်မူပြီးသော လက္ခဏာတော်ကြီးငယ်

အသွယ်သွယ်ဖြင့် သပ္ပါယ်လှစွာ ကိုယ်အင်္ဂါဝယ် ပါရမီတော်အဟုန် ကိုယ်လုံးခြုံ၍ မွှမ်းထုံ သင်းကြူ သယမ္ဘူဟု ဉာဏ်တူကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာသမ္ဗောဓိ အစရှိလတ် ဉာဏ်တော်မြတ်၏ ကိန်းဝပ်စံပျော် ခန္ဓာပေါ်ဝယ် ဘွဲ့တော်ဗုဒ္ဓ တင်ပါရသည့် လောက ထွဋ်ထား မြတ်ဘုရားအား။ **မေ၊** တပည့်တော်၏။ **နမော၊** ရှိခိုး ဦးညွှတ်ခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေ သတည်း။

## (၂) မေတ္တာပွားများပုံ

**သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု -**

ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်း လွတ်မြောက်ကြပါစေ။

**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု**
**အဗျာပဇ္ဈာ ဟောန္တု**
**အနီဃာ ဟောန္တု**
**သုခီ အတ္တာနံ ပရိဟရန္တု။**

လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည် အတွင်းအပ ဘေးရန် မရှိကြပါစေ။ စိုးရိမ်ကြောင့်ကြ ဗျာပါဒမှ ကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြပါစေ။ ချမ်းသာ လွယ်ကွယ်စွာ မိမိ မိမိတို့ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ။

## (၃) အသုဘ - ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကို ဆင်ခြင်ပုံ

**အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ၊**
**ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။**

ချစ်သမီးခေမာ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွှမ်းစွာခံခက် နှိပ်စက်အပ်ထသော၊ အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင်မကြယ် ရွံဖွယ်ကောင်းထသော၊ ဆေးကြောသုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍နေထသော၊ မျက်စိနားနှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရွံဖွယ်သိုးပုပ် အန်ထုတ်၍နေထသော၊ ကျင်ကြီး ကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍နေထသော၊ ဘဝါဘဝ သံသရာက ရာဂစရိုက်ပွား ငမိုက်သားတို့သည်၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စွဲမက်အပ်ထသော၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤခန္ဓာကိုယ်ကြီးကို၊ ဉာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖေါက်စေ့ငု ကြည့်ရှုစမ်းပါလော့။

## (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းပါဠိနှင့် မြန်မာပြန်

**အတ္ထိ ဣမသ္မိံ ကာယေ -**

**ကေသာ လောမာ နခါ ဒန္တာ တစော၊**
**မံသံ နှာရူ အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ**
**ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ**
**အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊**

**ပိတ္ထံ့ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။**

**ငါ၏ကိုယ်မှာ**

(၁) ဆံပင် (၂) မွေးညင်း (၃) ခြေသည်းလက်သည်း (၄) သွား (၅)အရည် (၆)အသား (၇) အကြော (၈) အရိုး (၉) ရိုးတွင်းချဉ်ဆီ (၁၀) အညို့ (၁၁)နှလုံး (၁၂) အသည်း (၁၃) အမြှေး (၁၄) အဖျဉ်း (၁၅) အဆုပ် (၁၆)အူမ (၁၇)အူသိမ် (၁၈) အစာသစ် (၁၉)အစာဟောင်း (၂၀)ဦးနှောက်(၂၁)သည်းခြေ (၂၂) သလိပ် (၂၃)ပြည် (၂၄)သွေး (၂၅)ချွေး (၂၆)အဆီခဲ (၂၇)မျက်ရည် (၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး (၃၂) ကျင်ငယ် တို့သာ ရှိကုန်သည်တကား။

**(၄) မရဏာနုဿတိ - သေခြင်းကို ဆင်ခြင်ပုံ**

အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်ငြိမ်ကင်းလျက် ကြည့်ရင်း ပျက်သို့ မျက်စိအောက်တွင် ပျောက်လွင့်စဉ်လျက် သင်္ခါရစက် သူ့ပိုင်နက်သို့ သွက်သွက်လည်ကာ ပါရရှာသည် ခန္ဓာအနိစ္စ ပါတကား။

အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) ခန္ဓာဒုက္ခ ပါတကား။

အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) အနတ္တ ပါတကား။

ဘယ်သက်ရွယ်မှာ ဘယ်ရောဂါနှင့် ဘယ်ခါကာလ ဘယ်ဒေသရှိ ဘယ်ဂတိ၌ သေရမည့်တာ ဒို့သူငါ မှန်စွာမသိ ပါတကား။

ဘုန်းကံကြီးမား ခြွေရံများ၍ ခွန်အားပြည့်မတ် ဣဒ္ဓိပါဒ်နှင့် အတတ်ပညာ ကြီးမြင့်ပါလည်း သတ္တဝါအားလုံး ကုန်အောင်ချုံး နောက်ဆုံး သေရမည်ပါတကား။

## ရှင်သမျှ အားလုံးသေရမည်

ခန္ဓာဘာရ ဒွတ္တိံသကား ရုပ်ဝါနုနယ် ရှုစဖွယ်နှင့် တင့်တယ်ရွှန်းစို နင်လှလိုလည်း အအိုစာရင်း သူကသွင်း၏။

ဘေးကင်းရန်ကွာ လွန်ချမ်းသာ၍ မနာရလို တောင်းဆုဆိုလည်း နင့်ကိုမညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့၏။

နင်နှင့်တူညီ ချစ်ကြိုးသီသား ပလီပလာ အပြစ်ကွာသည့် ချစ်စွာမယား သမီးသားနှင့် စီးပွားဥစ္စာ ဥာတကာကို ဘယ်ခါမခွဲ အတူတွဲ၍ အမြဲပြုံးချို နေရလိုလည်း နင့်ကိုမထောက် နင့်နောက်မလိုက် အပူတိုက်၍ နင်ဟိုက်နင်ခွေ နင့်ကိုသေအောင် ကျားမြွေခံတွင်း အစာသွင်းသို့ သေမင်းသူ့လက် ပဏ္ဏာဆက်၏။

ငါ့အရွယ်တွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ငါ့အောက်ငယ်တွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ငါ့ထက်ကြီးတွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ဧကန်မလွဲ ငါလဲပဲ သေပွဲဝင်ရမှာ ပါတကား။
ကိုယ့်ကုသိုလ်မျိုး ကိုယ်ထုပ်ပိုး အားကိုးရမှာ ပါတကား။

သာဓု သာဓု သာဓု

## နေ့စဉ်ကျင့်ရန် တရား (၄)ပါး

ရဟန်းတော်တွေအပြင် လူသားတွေပါ နေ့စဉ်ကျင့်သုံးကြရမည့် တရားဓမ္မက(၄)မျိုးရှိတယ်၊ (၄)မျိုးဆိုတာက **(၁) ရတနာသုံးပါး၊ ဂုဏ်တော်ပွား၍၊ (၂) လှူပြားဒါန၊ စောင့်သီလနှင့်၊ (၃) ပို့သမေတ္တာ၊ ဖြန့်ဝေကာလျှက်၊ ဤသုံးချက်ပြင်၊ (၄)မှတ်လျှင် သတိပဋ္ဌာန်၊ ပွားများပြန်တ၊ ကျင့်ရန်ဓမ္မ၊ လေးမျိုးပြ၏**-ဆိုတဲ့လင်္ကာအတိုင်း-

၁။ ရတနာသုံးပါး ဂုဏ်တော်ပွားများခြင်း၊

၂။ ဒါနလှူဒါန်းခြင်းနှင့် သီလစောင့်ထိန်းခြင်း၊

၃။ မေတ္တာ ပွားများပို့သခြင်း၊

၄။ သတိပဋ္ဌာန်ဘာဝနာ ပွားများခြင်းတို့ပါပဲ၊

ဒီလေးပါးထဲမှာ ရှေ့သုံးပါးက ထင်ရှားပြီးသားပါ၊ နောက်ဆုံးဖြစ်တဲ့ သတိပဋ္ဌာန်ဘာဝနာပွားများခြင်းကိုတော့ မဟာစည်ဆရာတော်ရဲ့ လင်္ကာလေးနဲ့ ဆင်ခြင်လိုက်ရင် လွယ်ကူသွားပါတယ်၊ လိုက်ဆိုကြည့်ကြပါ။

### သတိသမ္ပဇညအပိုင်းလာ ဆင်ခြင်ဖွယ် လင်္ကာများ

**၁။ သွားတာ၊ ရပ်တာ၊ ထိုင်လျောင်းတာ၊ မှန်စွာသိရမည်။**

**၂။ ရှေ့သွားနောက်ပြန်၊ ရှုကြည့်ဟန်၊ အမှန်သိရမည်။**

**၃။ ကွေးတာ ဆန့်တာ၊ ကိုင်ယူတာ၊ မှန်စွာသိရမည်။**

**၄။ စားတာ သောက်တာ၊ ခဲ-လျက်တာ၊ မှန်စွာသိရမည်။**

**၅။ ကျင်ကြီးတစ်ဖြာ၊ ကျင်ငယ်ပါ၊ စွန့်တာသိရမည်။**

**၆။ တိုယ်အမူအရာ၊ ပြုတိုင်းမှာ၊ မှန်စွာသိရမည်။**

*(မဟာစည်ဆရာတော်)*

## အဆောင်လက်နက်(၅)မျိုး

ရဟန်းတော်တွေအဖို့ အဆောင်လက်နက် (၅)မျိုးကိုလည်း နေ့စဉ်ကိုင်ဆောင်ထားကြရမယ်လို့ မြတ်စွာဘုရားက မေတ္တာသုတ်မှာ ဟောပြထားတယ်၊

အဆောင်လက်နက်(၅)မျိုးက --

**၁။ မေတ္တာပွားများ ပို့သခြင်း**

**၂။ ပရိတ်ရွတ်ဆိုခြင်း**

**၃။ အသုဘာရှုမှတ်ခြင်း**

**၄။ သေခြင်းတရားကို ပွားများခြင်း**

**၅။ သံဝေဂရဖွယ် အကြောင်း ရှစ်ပါးကို ဆင်ခြင်နှလုံးသွင်းခြင်း** တို့ဖြစ်ကြတယ်။

မေတ္တာ ပရိတ္တာ အသုဘာ၊ ကာတဗ္ဗာ မရဏဿတိ။
သံဝေဂ သမာပဇ္ဇန်၊ သာယံ ပါတံ ဒိနေ ဒိနေ။

ဘိက္ခဝေ တုမှေ အာဝုဓံ အဂ္ဂဟေတွာ ဂတာ၊ ဣဒါနိ အာဝုဓံ ဂဟေတွာ ဂစ္ဆထာတိ။ *(ဓမ္မပဒ၊ အဋ္ဌကထာ၊ ၁၊ ၂၀၀)*

သာယံ ပါတံ ကရဏဝသေန ဒွေ မေတ္တာ, ဒွေ ပရိတ္တာ, ဒွေ အသုဘာ, ဒွေ မရဏဿတိ, အဋ္ဌ မဟာသံဝေဂဝတ္ထု သမာပဇ္ဇနနဥ္စ။ *(သုတ္တနိပါတ်အဋ္ဌကထာ၊ ၁၊ ၁၇၇)*

**မေတ္တာပွား၍၊ ပရိတ်ရွတ်ဆို**
**အသုဘ်ရှုပြား၊ သေခြင်းပွားလို**
**သံဝေဂ်ရှုလို့၊ ငါးစုထိုထို**
**နေ့စဉ်အား၊ ဆောင်ထားလက်နက်ကို။**

ဒီအဆောင်လက်နက်(၅)မျိုးထဲမှာ ရှေ့လေးမျိုးက ထင်ရှားပြီးသားပါ၊ နောက်ဆုံးလက်နက်ဖြစ်တဲ့ သံဝေဂရဖွယ် အကြောင်းရှစ်ပါးကို ဆင်ခြင်နှလုံးသွင်တဲ့အခါ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ လင်္ကာလေးနဲ့ ဆင်ခြင်လိုက်ရင် သံဝေဂ ဉာဏ်တွေ ပေါ်လာနိုင်ပါတယ်၊ အားလုံး လိုက်ဆိုကြပါမယ်။

**သံဝေဂဝတ္ထု(၈)ပါး ဆင်ခြင်ပုံ**

**အမိဝမ်းခေါင်း-ဆယ်လညောင်းမျှ အောင်းခဲ့ရပေ၊ တည်သန္ဓေနှင့် လူပြည်လူ့ရွာ ရောက်ပြန်ပါလည်း အိုနာ သေရေး ဒုက္ခဘေးကြောင့် စိတ်အေးကိုယ်ခိုင် မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ ခံပြီးမှလည်း များလှပါယ်ရွာ ရောက်ကြရာ၏၊ အတိတ်တာရှေး ဤဝဋ်ဘေးနှင့် နောင်ရေးနာဂါတ် ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ ဖြစ်တုန်းမှာလည်း အစာရှာရ၊ ထိုဒုက္ခကြောင့် နေ့ညမဟူ ကိုယ်စိတ်ပူ၍ သူသူငါငါ မသတ်သာသည် ရှစ်ဖြာသံဝေ ရကြောင်းတည်း၊** (သာဓု သာဓု သာဓု)

ဒီ(၈)ပါးတို့မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ် အကြောင်း ဖြစ်၍ သံဝေဂဝတ္ထုလို့ ခေါ်ရတယ်၊ ဤဆင်းရဲဒုက္ခ အကြောင်း တရား(၈)ပါးကြောင့် သူသူငါငါ သတ္တဝါတို့မှာ နေ့ရောညပါ ကိုယ်စိတ်ဆင်းရဲ ပူပန်သောက ရောက်နေကြရတယ်၊ ထိတ်လန့် ကြောက်ရွံ့ဖြစ်ဖွယ် ဤအကြောင်း(၈)ပါးကို ဆင်ခြင် မိသောအခါ သံဝေဂဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ထိုသံဝေဂဉာဏ် အရင်းခံ ထားလျှင် ကုသိုလ်အလုပ်ကို အားကြိုး ထက်သန်စွာ ပြုလုပ် ဖြစ်တော့တယ်။

## ကုသိုလ်ဖြစ်ရာ (၅)ဌာန

ဒီအဲတော့ ကုသိုလ်နဲ့ ပတ်သက်လို့ ဘယ်နေရာ ဌာနတွေမှာ ကုသိုလ်ဖြစ်ရမလဲ-

**ကာလော စေဝ အာသနဥ္စ၊ ယံကိဥ္စိ တမ္မပုဂ္ဂလံ။**

**အာရမ္မဏံ ပဥ္စဌာနေ၊ ကာတဗ္ဗံ ကုသလံ ဗဟုံ။**

**ကာလောစေဝ၊** နံနက်ချိန် နေ့လည်ချိန်စသောအားဖြင့် အချိန်ကာလ ဟူသမျှသည်၎င်း။ **အာသနဥ္စ၊** နေရာဌာန ဟူသမျှသည်၎င်း။ **ယံကိဥ္စိ၊** အလုံးစုံသော။ **တမ္မဥ္စ၊** အလုပ်ကိစ္စ ဟူသမျှသည်၎င်း။ **ယံကိဥ္စိ၊** အလုံးစုံသော။**ပုဂ္ဂလဥ္စ၊** ယုတ်,မြတ် မရွေး ပုဂ္ဂိုလ်ဟူသမျှသည်၎င်း။ အာရမ္မဏဥ္စ၊ ပေါ်လာတိုင်းသော အာရုံဟူသမျှသည်၎င်း။ **ဣတိ ဧဝံ၊** ဤသို့လျှင်။ **ပဥ္စဌာနေ- ပဥ္စဌာနေသု၊** အချိန်, နေရာ, အလုပ်ကိစ္စ,ပုဂ္ဂိုလ်,အာရုံ- ဟုဆိုအပ်သော ဤငါးဌာနတို့၌။ **ကုသလံ၊** ကုသိုလ် ကောင်းမှုကို။ **ဗဟုံ၊** များစွာ-များပြားအောင်။ **ကာတဗ္ဗံ၊** မဖြစ်မနေ ပြုလုပ် အပ်ပေ၏။

**ကာလောစေဝ**-အချိန်ကာလသည်၎င်းဟူသော စကား အရ ဘယ်အချိန်နေနေ ကုသိုလ် ဖြစ်အောင်နေရတယ် မနက် ခင်းမှာ စိတ်ကြည်ကြည်လင်လင်နဲ့ ကုသိုလ်ဖြစ်အောင် နေမယ်၊ နေ့လယ်ခင်းမှာ စီးပွားရေး လုပ်နေရတယ်၊ ညနေခင်းမှာ စီးပွား ရေးလုပ်နေရတယ်၊ စျေးရောင်းနေရတယ်ဆိုတော့ ကုသိုလ် မဖြစ်ဘူး အကုသိုလ်ပဲဖြစ်မယ် ဒီလိုမဟုတ်ဘူး မနက်ခင်းလည်း ကုသိုလ်ဖြစ်အောင်နေမယ်၊ နေ့လည်ခင်းပဲဖြစ်ဖြစ် ညနေပိုင်း ညပိုင်းပဲဖြစ်ဖြစ် ကုသိုလ် ဖြစ်အောင်နေရမယ်၊ အချိန်မရွေး ကုသိုလ်ဖြစ်အောင် နေရမယ်။

**အာသနဥ္စ**-ဟူသောစကားအရ နေရာဟာ ကိုယ့်အိမ်နေမှ ကိုယ့်ကျောင်းနေမှ ကုသိုလ်ဖြစ်မယ်၊ ခရီးသွားတဲ့အခါ မန္တလေးသွားတဲ့အခါ ရန်ကုန်သွာတဲ့အခါ ရွာသွားတဲ့အခါ ဒီလိုသွားတဲ့အခါမှာတော့ ကုသိုလ်မဖြစ်ဘူး၊ ဒီလိုမဟုတ်ဘူး ဘယ်နေရာပဲ ဖြစ်ဖြစ် နေရမရွေး ကုသိုလ်ဖြစ်အောင် ကျင့်ကြံရမယ်၊ တောပဲဖြစ်ဖြစ် မြို့ပဲဖြစ်ဖြစ် တောနေရာ မြို့နေရာပဲဖြစ်ဖြစ် နောက်ဆုံး ကားစီးတဲ့နေရာပဲဖြစ်ဖြစ် ရထားစီးတဲ့နေရာပဲဖြစ်ဖြစ် ကုသိုလ်ဖြစ်အောင် နေရမယ်၊ ဟာကားက ကြပ်တယ် ဒီကားပိုင်ရှင် ဘာညာပေါ့လေ ဆဲဆိုနေရင် အကုသိုလ်ဖြစ်မှာပဲ၊ အဲဒီတော့ ကားစီးတဲ့အချိန် ရထားစီးတဲ့အချိန် လေယာဉ်စီးတဲ့အချိန် ကားစီတဲ့နေရာ ရထားစီးတဲ့နေရာ လေယာဉ်စီးတဲ့နေရာမှာလဲ ကုသိုလ်ဖြစ်အောင် နေရတယ် ဘယ်နေရာပဲနေနေ ကုသိုလ်ဖြစ်အောင် နေရမယ်။

**ယံတိဥ္စ**-အမှတ်မရှိ အလုံးစုံသော။ **တမ္ဗဥ္စ**-အလုပ်ကိစ္စသည်၄င်းဟူသော စကားအရ ဘယ်အလုပ်ကိစ္စပဲ လုပ်လုပ်ကုသိုလ် ဖြစ်နေရမယ် ခုမွေးနေ့အတွက် ပင်ပင်ပန်းပန်း ထမင်းဟင်းတွေချက်တဲ့အခါမှ ကုသိုလ်ဖြစ်ရမယ် မဟုတ်ဘူး၊ ဒီလိုအချိန်လဲ ကုသိုလ်ဖြစ်နေရမှာပဲ ခုလိုတရားနာ နေလဲ ကုသိုလ်ဖြစ်နေရမှာပဲ၊ ကိုယ်အိမ်မှာ စီးပွားရေး အလုပ်လုပ်နေလဲ ကုသိုလ်စိတ်ထားပေးရမယ် ကုသိုလ်စိတ်ဖြစ်အောင်နေရမယ် သူများအလုပ်ကိုလုပ်နေရင်လဲပဲ ကုသိုလ်ဖြစ်အောင်လုပ်ရတယ် အဲ့တော့ ဘယ်အလုပ်ကိုင်ဘဲလုပ်လုပ် ကုသိုလ်ဖြစ်အောင် လုပ်ရမယ် မကျေနပ်

တာတွေ စိတ်ဆိုးတာတွေ အမျက်ထွက်တာတွေ အလိုမကျတာတွေ မနာလိုဝန်တို ဣဿာမစ္ဆရိယတွေဟာ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတော့ အဲဒါတွေဝင်မှာပဲ၊ ဝင်ရင် ချက်ခြင်းဖျောက်ပစ်ရမယ် ချက်ခြင်းပဲ လက်မခံဘဲနဲ့ ပယ်ဖျောက်ပစ်ရမယ်။

အဲဒီတော့ ဘယ်အလုပ်ပဲလုပ်လုပ် စီးပွားရေး အလုပ်ပဲလုပ်လုပ် နောက်ဆုံးရေချိုးအုံးတော့ အိမ်သာ တက်အုံးတော့ အဲဒီအလုပ်မှာပဲ ကုသိုလ်ဖြစ်ရမယ် ဘုရားရှင်က ဟောထားတယ်။ **"ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ"** အပေါ့အလေး ကျင်ကြီးကျင်ငယ်စွန့်ရင်လဲ စွန့်တယ် စွန့်တယ်လို့ သိပြီးတော့ စွန့်မယ်ဆိုရင် သတိပဋ္ဌာန်အလုပ်ဖြစ်သွားတယ်၊ စားနေရင်လဲ သောက်နေရင်လဲ ဟာ-မနက်ကဟင်းလေး ကောင်းလိုက်တာ မိန်လိုက်တာ ဒီလိုလောဘနဲ့ စားရမှာမဟုတ်ဘူး စားရင်စားတယ် ဝါးရင် ဝါးတယ် မျိုရင်မျိုတယ် အရေသောက်ရင်လဲ အရေသောက်တယ်လို့သိပြီး ဆင်ခြင်ရမယ်၊ ဒါလဲ ဘုရားက ဟောထားတာပဲ **"အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ"** စားတဲ့အလုပ် လုပ်ရင်လဲပဲ ကုသိုလ်ဖြစ်ရမယ်၊ ဘာအလုပ်ပဲ လုပ်လုပ် ဘုရားရှိခိုးတဲ့အချိန်မှ ကုသိုလ်ဖြစ်မယ် ခုလိုတရားနာရေစက်ချတဲ့အချိန်မှ ကုသိုလ်ဖြစ်မယ် ကျန်တဲ့ အချိန်မှာ ကုသိုလ်မဖြစ်ရဘူး ဒီလိုမဟုတ်ဘူး၊ ဘယ်အလုပ်ပဲ လုပ်လုပ် ကုသိုလ်ဖြစ်ရမယ် ဒါဘုရားရှင်ရဲ့ တရားတော်ကို ဘုန်းဘုန်းကပြန်ပြီးတော့ ဖောက်သည်ချတာ၊ အဲ့ဒီတော့ (၃)မျိုး ရှိသွားပြီ ၁။ အချိန်အခါမရွေး ကုသိုလ် ဖြစ်ရမယ် ၂။ နေရာမရွေး ကုသိုလ်ဖြစ်ရမယ် ၃။ အလုပ်အကိုင်မရွေး ကုသိုလ်ဖြစ်ရမယ်။

**ယံကိဉ္စိ**-အမှတ်မရှိ တစ်စုံတစ်ယောက်သော။ **ပုဂ္ဂလဍ္ဍ**- ပုဂ္ဂိုလ်သည်၄င်း-ဟူသောစကားအရ ဘယ် ပုဂ္ဂိုလ်နဲ့ တွေ့တွေ့ ကုသိုလ်ဖြစ်အောင် နေရမယ်။ ပြောရမယ်၊ စဉ်းစားရမယ်၊ ရဟန်းသံဃာနဲ့တွေ့မှ ဘုရားကြီးကိုသွားပြီး ဘုရားဖူးမှ ကုသိုလ်ဖြစ်မယ်၊ လူသား အချင်းချင်း တွေ့ရင်တော့ တောပြော တောင်ပြော အကုသိုလ်တွေပြောမယ် ဒီလိုမဖြစ်ရဘူး၊ ဘယ်လူနဲ့ပဲတွေ့တွေ့ အထက်အရာရှိ အောက်ငယ်သားနဲ့ပဲ တွေတွေ တွေ့ချင်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ပါ။ ကိုယ်က လိုက်လျောညီထွေ သင့်တင့် လျောက်ပတ်အောင် နှလုံးသွင်းပြီးတော့ ကုသိုလ်ဖြစ်ရမယ်၊ ကိုယ်နဲ့တည့်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့လည်း ဒါကုသိုလ်ဖြစ်မှာပေ့ါ။ မတည့်တဲ့ပုဂ္ဂိုလ် အာဃာတရန်ငြိုးထားတဲ့ပုဂ္ဂိုလ် ကိုယ့်ကိုမလို ကိုယ့်ကို အပြစ်ပြော နေတဲ့ပုဂ္ဂိုလ်တွေ့ရင် ကိုယ်ကလဲ ပြန်လည်ပြီးတော့ တုံ့ပြန်ချင်တယ် လက်စားချေခြင်တယ် မဲ့ချင် ရွဲ့ချင် စောင်းချင် ချိပ်ချင်တယ်၊ ဒါဟာ ပုထုဇဉ်သဘာဝပဲ၊ အဲဒီလိုမလုပ်ရဘူး၊ ကိုယ့်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း ကိုယ်က မေတ္တာမပျက်ရဘူး၊ သူနဲ့တွေ့ရင်လဲပဲ ကုသိုလ်ပဲဖြစ်ရမယ်။

ယံကိဉ္စိ၊ အမှတ်မရှိသော၊ အာရမ္မဏဍ္ဍ၊ အာရုံဟူသမျှသည်၎င်းဟူသော စကားအရ ဘယ်အာရုံနဲ့ပဲ ကြုံတွေ့သည်ဖြစ်စေ ကုသိုလ်ဖြစ်အောင် နေရမယ်၊ လောဘဖြစ်ဖွယ် ဣဋ္ဌာရုံ၊ ဒေါသဖြစ်ဖွယ် အနိဋ္ဌာရုံဆိုတဲ့ အကုသိုလ် အာရုံနဲ့ ကြုံလာရင်လည်း ကုသိုလ်အာရုံဖြစ်အောင်ပဲ ပြောင်းလဲပေးရမယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် သရာဂစိတ် သဒေါသစိတ် စသည်ဖြင့်သိပြီး ကုသိုလ်ဖြစ်အောင် ပြုလုပ်ပေးရမယ်။

အဲဒီတော့ ဘယ်နှစ်မျိုးလဲဆိုတော့ ငါးမျိုးပါဘဲ၊ (၁) အချိန်အခါမရွေး ကုသိုလ်ဖြစ်ရမယ်၊ (၂) နေရာမရွေး ကုသိုလ်ဖြစ်ရမယ်၊ (၃) အလုပ်အကိုင်မရွေး ကုသိုလ် ဖြစ်ရမယ်၊ (၄) ပုဂ္ဂိုလ်မရွေး ကုသိုလ်ဖြစ်ရမယ်၊ (၅) အာရုံမရွေး ကုသိုလ်ဖြစ်ရမယ်၊ **ပဉ္စဋ္ဌာနေသု**-ဤ အချိန်အခါ,နေရာ, အလုပ်အကိုင်, ပုဂ္ဂိုလ်, အာရုံဟုဆိုအပ်သော ငါးဌာနတို့၌၊ **ကုသလံ**-ကုသိုလ်ကို၊ **ဗဟုံ**-များစွာ၊ **ကာတဗ္ဗံ**-ပြုဖြစ်အောင် လုပ်ဖြစ်အောင် လုပ်ရမယ်၊ ဗဟုံ-လို့ပြောတာပါ တစ်ခါတစ်ရံ ကြတော့ ဘုန်းဘုန်းတို့လည်း ပုထုဇဉ်ဆိုတော့ အကုသိုလ်စိတ်ဖြစ်တာပဲ ဘုန်းကြီးတွေတောင် အကုသိုလ်စိတ်ဖြစ်တယ်ဆိုမှတော့ လူတွေ အတွက် ပြောစရာကိုမလိုတော့ဘူး၊ ကုသိုလ်စိတ်ဖြစ်အောင် စိတ်ထားရမယ်၊ စကားပြောရမယ်၊ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးလုံးလည်း ကုသိုလ် ဖြစ်အောင် နေထိုင်ရမယ် ပြောဆိုရမယ် ကြံစည်ရမယ် စဉ်းစားရမယ်တဲ့၊ အဲ့ဒီလိုဆိုလို့ရှိရင် စောစောပိုင်းက ပြောလိုက်တဲ့ မူလတရားနာမည်က ဘာတဲ့လဲ၊ **"ဘဝရဲ့အားထားစရာ"**တဲ့၊ အားထားစရာဟာ တရားဓမ္မပါပဲ၊ အဲဒီတရားဓမ္မ ဆိုတာ အကုသိုလ် တရားဓမ္မ မဟုတ်ဘူး၊ ကုသိုလ်တရားဓမ္မပါ၊ အဲဒီ ကုသိုလ်တရား ဓမ္မဟာ ဘဝရဲ့အားထားစရာ ဖြစ်တယ်ဆိုတော့ ကုသိုလ်ဖြစ်အောင် ဘယ်လိုနှလုံးသွင်း ကျင့်ကြံအားထုတ်ရမလဲ ဆိုတော့ အခုငါးမျိုးပါပဲ၊ ဘယ်အချိန်ပဲဖြစ်ဖြစ် ကုသိုလ်ဖြစ်အောင် နေရမယ်၊ ဘယ်နေရာပဲ ရောက်ရောက် ကုသိုလ်ဖြစ်အောင် နေရမယ်၊ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကုသိုလ်ဖြစ်အောင် နှလုံးသွင်းပြီးလုပ် ရမယ်၊ ဘယ်ပုဂ္ဂိုလ်နဲ့ပဲ တွေ့တွေ့ ကုသိုလ်ဖြစ်အောင်

နေထိုင်ရမယ်၊ ဘယ်အာရုံနဲ့ပဲကြုံတွေ့ ကြုံတွေ့ ကုသိုလ်ဖြစ်အောင် စိတ်ထားရမယ်၊ အဲ့ဒီလို ဆိုရင် ဒီပုဂ္ဂိုလ်ရဲ့ ကာယကံ၊ ဝစီကံ၊မနောကံတွေဟာ ကုသိုလ်တွေချည်း ဖြစ်သွားတယ်။

ကုသိုလ်တွေချည်းပဲ ဖြစ်နေပြီဆိုရင် ကုသိုလ်တရားဟာ သူ့ရဲ့အားထားစရာဖြစ်သွားပြီ။ သူဟာ ရောဂါ ဝေဒနာ ဖြစ်အုံးတော့ သူကျင့်သုံးနေတဲ့ ကုသိုလ်တရားက သူ့ကိုပြန်ပြီး စောင့်ရှောက်လိမ့်မယ် **"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ"** ဓမ္မော-မိမိက ကျင့်သုံးထားတဲ့ ဒါန၊သီလ၊ဘာဝနာ-ကုသိုလ်ဟုဆိုအပ်သော ကာယကံ၊ ဝစီကံ၊မနောကံ ကုသိုလ်ကံတရားသည်။ ဓမ္မစာရိံ-တရားကျင့်သုံးထားသော ပုဂ္ဂိုလ်ကို။ ဟဝေ-စင်စစ်ဧကန်။ ရက္ခတိ-အတုံ့တစ်ဖန် ပြန်လည်၍ စောင့်ရှောက်ပေးတတ်ပါတယ်တဲ့၊ တရားကျင့်တဲ့ပုဂ္ဂိုလ်ကို တရားကပြန်ပြီးတော့ စောင့်ရှောက်တဲ့အတွက် တရားကျင့်သုံးတဲ့ ပုဂ္ဂိုလ်ဟာ တရားရဲ့ စောင့်ရှောက်မှုကို ခံရတဲ့အတွက် ဒီဘဝမှာ မသေခင်မှာလဲ ချမ်းသာနိုင်ပါတယ် ဒီဘဝက ကံကုန် သက်တမ်းကုန်လို့ ကွယ်လွန်အနိစ္စရောက်သွားရင်လဲ တမလွန်ဘဝမှာ နတ်ပြည်သုဂတိကို ရောက်သွားမှာ ဖြစ်တဲ့အတွက် ချမ်းသာ နိုင်ပါတယ်တဲ့။

## နဝရတ်ရတုမှ စကားသုံးခွန်း

အဲဒီတော့ နဝရတ်ရတု(၉၀)နှစ်မွေးနေ့မှာ အမှတ်တရ အနေနဲ့ စကား(၃)ခွန်းပဲ ရှိပါတယ် တခွန်းက ဘဝရဲ့ အားထားစရာအဖြစ် ကိုယ်ကျင့်သုံးရမယ့်ဟာက တရားမွေပါပဲ ဒါက စကားတစ်ခွန်းပါပဲ၊ နောက်စကား တခွန်းက ဘယ်အချိန်ပဲ ဖြစ်ဖြစ် ဘယ်နေရာကိုပဲရောက်ရောက် ဘယ်အလုပ်ကိုပဲလုပ်လုပ်

ဘယ်ပုဂ္ဂိုလ်နဲ့တွေ့တွေ့ ဘယ်အာရုံနဲ့ပဲကြုံကြုံ ကုသိုလ်ဖြစ်အောင် နေထိုင်ပေးရပါမယ်၊ ဒါဆိုလို့ရှိရင် ကိုယ့်ရဲ့ စိတ်အစဉ်သန္တာန်က ကုသိုလ်တွေချည်းပဲ၊ ဖြစ်သွားနိုင်ပါတယ် ဒါက ဒုတိယစကား တစ်ခွန်းပါ။ နောက် တတိယစကားတစ်ခွန်းက အဲ့ဒီလိုနည်းနဲ့ ကိုယ်က တရားကို ကျင့်သုံးနေမယ်ဆိုရင် ဓမ္မရဲ့ သဘာဝနိယာမ အတိုင်း "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဟူသည်နှင့်အညီ အလဟဿ အချည်းနှီး ဖြစ်မသွားပါဘူး၊ ဒီနှစ် နှမ်းစိုက်တယ် မိုးမရွာတော့ မျိုးဆုံးတယ် အရင်းပြုတ်သွားတယ် အလဟဿ ဖြစ်သွားတယ် စီးပွားဥစ္စာတွေဟာ အားကိုးရဖို့ မသေချာပါဘူး ကိုယ်ကျင့်သုံး ထားတဲ့တရားက အဲ့ဒီလို အလဟဿဖြစ်သွား တယ်ဆိုတာ မရှိဘူး။ ကိုယ်ကျင့်သုံးထားတဲ့ တရားက ကိုယ့်ကို အတုံ့တစ်ဖန် ပြန်လည်ပြီးတော့ စောင့်ရှောက်နိုင်ပါတယ်၊ ကိုယ် ကျင့်သုံးထားတဲ့ ကုသိုလ်က အချည်းနှီးအလကား ဖြစ်မသွားဘူး ဆိုတော့ ကျင့်သုံးရတာ ကုသိုလ်ပြုရတာ ပျော်စရာကြီးပဲ၊ တောင်သူလယ်သမားအလုပ်က မသေချာဘူး၊ မိုးလေဝသ ကောင်းမှ ရာသီဥတုကောင်းမှ, စာရင်းငှားက ကောင်းမှ, အခု ငှားစရာ စာရင်းငှားတောင် မရှိဘူးတဲ့၊ အဲ့တော့ ဘာမှကို မသေ ချာဘူး၊ သေချာတာကတော့ ကိုယ့်ကျင့်သုံးထားတဲ့ တရားဟာ အချည်းနှီး အလကားဖြစ် မသွားဘူး ကိုယ့်ကိုပြန်ပြီးတော့ စောင့်ရှောက်နိုင်ပါတယ်။

အဲဒီတော့ နဝရတ်ရတုမွေးနေ့ရဲ့ အမှတ်တရဟာ (၃)မျိုး ထဲပါပဲ ဒုတိယအကြိမ် ထပ်ပြောပါ့မယ် ပထမ စကားတခွန်းက ဘဝရဲ့ အားထားစရာ ကိုယ့်ကျင့်သုံးရမယ့် တရားဟာ ကုသိုလ်

ဓမ္မပါပဲ၊ ဒုတိယစကားတခွန်းက အဲ့ဒီကုသိုလ် တရားဓမ္မကို ဘယ်လို ကျင့်သုံးမလဲဆိုတော့ ဘယ်အချိန် အခါပဲဖြစ်ဖြစ် ဘယ်နေရာပဲ ရောက်ရောက် ဘာအလုပ်ပဲလုပ်လုပ် ဘယ်ပုဂ္ဂိုလ်နဲ့ပဲ တွေ့တွေ့ ဘယ်အာရုံနဲ့ပဲ ကြုံကြုံ ကုသိုလ်ဖြစ်အောင် ကျင့်သုံးရပါမယ်၊ နောက်တတိယ စကားတစ်ခွန်းက "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ " ခုလိုနေ့စဉ် ကိုယ်ကျင့်သုံးထားတဲ့တရားက ကိုယ့်ကိုပြန်ပြီးတော့ စောင့်ရှောက် တတ်ပါတယ်။ဒါဆိုလို့ ရှိရင်တော့ နဝရတ်ရတု မွေးနေ့ပွဲရဲ့ အမှတ်တရဟာ ပြည့်စုံသွားပါပြီ၊ အဲဒီတော့ ပြည့်စုံသွားတဲ့အတိုင်း နဝရတ်ရတုမှာ ပေးလိုက်တဲ့ မွေးနေ့လက်ဆောင် တရားဓမ္မ ဖြစ်ကြတဲ့ ပုညကိရိယဝတ္ထု(၃)ပါး၊ စတုရာရက္ခဘာဝနာ ကိုယ်စောင့်တရား(၄)ပါး၊ နေ့စဉ်ကျင့်ရန် တရား(၄)ပါး၊ အဆောင် လက်နက် (၅)မျိုးတို့ကို နေ့စဉ် နေ့တိုင်း နေရာတိုင်း နေရာမရွေး၊ အချိန်တိုင်း အချိန်မရွေး၊ အလုပ်လုပ်တိုင်း အလုပ်မရွေး၊ ပုဂ္ဂိုလ်တွေ့တိုင်း ပုဂ္ဂိုလ်မရွေး အာရုံတွေပေါ်တိုင်း အာရုံမရွေး ကျင့်သုံး အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓု)

# အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ

## ဇာတာစကားနှင့် ဆုပေးစကား

လောကတွင် သတ္တဝါတိုင်း အသက်ရှည်ချင်ကြ၏၊ သက်တမ်းစေ့အောင်, သက်တမ်းကျော်လွန်သွားအောင် ထိပင် နေချင်ကြ၏၊ ကာယကံရှင် ပုဂ္ဂိုလ်သာ မဟုတ်၊ မိဘဆွေမျိုးစသည့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းကပါ အသက်ရှည်စေလိုကြ၏။ ထို့ကြောင့် "လူသား" ဟူ၍ မွေးဖွားလာကာစမှာပင် မိဘတို့က "မွေးဇာတာ" ဖွဲ့ကြသည့်အခါ ဖော်ပြပါ မင်္ဂလာစကား ပါရှိလာခြင်း ဖြစ်ပေသည်။

"ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင် သော-သည် အာယုအသက် (၁၂၀)ရှည်စေသော်။

အရွယ်ရောက်လာသော လူသားပုဂ္ဂိုလ်သည်ကား အသက် ရှည်ရုံတွင်သာ ကြေနပ်အားရပြီး တင်တိမ် မနေပါ၊ ချမ်းသာလိုကြ စီးပွား ဥစ္စာဖြစ်ချင်ကြ၏၊ ဘုန်းကြီးလိုကြပြန်၏။ ကျန်းကျန်း မာမာနှင့်လည်း နေထိုင် ချင်ကြပြန်၏၊ ထို့ကြောင့် သက်ကြီးရွယ်အို ဘိုးဘွားများထံမှာ ဖြစ်စေ၊ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးတွေ

ထံမှာ ဖြစ်စေ၊ ရှိခိုးကန်တော့ သည့်အခါ- "သက်ရှည်ကျန်းမာ ချမ်းသာရပါလို၏"ဟူ၍ ဆုတောင်းကြ ခြင်းဖြစ်သည်။ ကန်တော့ ခံရသည့် ပုဂ္ဂိုလ်တို့ကလည်း "ဘုန်းကြီးပါစေ သက်ရှည်ပါစေ ကျန်းမာချမ်းသာကြပါစေ"ဟူ၍ ဆုပေးကြ၏။

စာရေးသူတို့အနေဖြင့် ဗန်းမော်ဆရာတော် (နိုင်ငံတော် သံဃ မဟာနာယက အတွင်းရေးမှူးချုပ်)ကို ရှိခိုးသည့် အခါမှာ ဖြစ်စေ၊ ကိစ္စရှိလို့ ဖုန်းနဲ့စကား ပြောပြီးသည့်အခါမှာဖြစ်စေ၊ ဗန်းမော်ဆရာတော်က ဖော်ပြပါ ဆုပေးစကား ပြောကြားလေ့ ရှိပါသည်။

## ဗုဒ္ဓခေတ်လာ သက်တော် ရာကျော်<br>(၁၂၀)ရှည်သည့် ပုဂ္ဂိုလ်ထူးများ

မွေးဇာတာတွင် "အာယု အသက်(၁၂၀)ရှည်စေသော်" ဟူ၍ မင်္ဂလာစကား ပါရှိလာ၏၊ အသက်(၁၂၀) ရှည်သော ပုဂ္ဂိုလ်တို့သည် အသက်(၁၀၀)တမ်းတွင် သက်တမ်းစေ့ရုံမျှမကပဲ သက်တမ်း ကျော်လွန် သွားအောင် နေကြရသဖြင့် ပုဂ္ဂိုလ်ထူး များပင် ဖြစ်ကြသည်၊ မြတ်စွာဘုရားရှင် လက်ထက်တော်တွင် ပေါ်ထွန်းလာခဲ့သော ထိုပုဂ္ဂိုလ်ထူးတို့ကို စာရင်းကောက် ကြည့်သည့် အခါ ဖော်ပြပါအတိုင်း တွေ့ရသည်။

၁။ အင်္ဂတိုင်း ဘဒ္ဒိယမြို့သူ ကျောင်းအမ ဝိသာခါ

၂။ ဥက္ကဋ္ဌမြို့နေ မြို့စားကြီး ပေါက္ခရသာတိပုဏ္ဏား

၃။ မိထိလာမြို့နေ ဒိသာပါမောက္ခ ဗြဟ္မာယုပုဏ္ဏား

၄။ အင်္ဂုတ္တရာပ အာပဏမြို့နေ ဒိသာပါမောက္ခ သေလပုဏ္ဏား
၅။ သာဝတ္ထိမြို့သား ဒိသာပါမောက္ခ ဗာဝရီပုဏ္ဏား
၆။ ညီတော် အာနန္ဒာမထေရ်
၇။ အရှင်မဟာကဿပ မထေရ်
၈။ သာဝတ္ထိမြို့သူ ဥတ္တရာထေရီ
၉။ မိထွေးတော် ဂေါတမီထေရီ
၁၀။ မဂဓတိုင်းသား ဓမ္မသဝပိတု မထေရ်
၁၁။ သာဝတ္ထိမြို့သား သာနုမထေရ်
၁၂။ ဒီဃလဃိကမြို့သား အာယုဝဍ္ဎနသတို့သား
၁၃။ ကောသလမင်းကြီး၏ အဖွားတော်
၁၄။ သာဝတ္ထိမြို့သား ပုဏ္ဏားအိုကြီး(၄)ယောက်တို့ဖြစ်ကြ၏။

ထို့အပြင် အရှင်အနုရုဒ္ဓါမထေရ်သည် (၁၅၀)နှစ်ထိ ရှည်ပြီး၊ အရှင်ဗာကုလမထေရ်သည်ကား"အနာမဲ့သူ ရှင်ဗာကူ"ဟူ၍ ချီးကျူးရသည့်အတိုင်း အနာရောဂါကင်းသဖြင့် အသက်(၁၆၀)ထိ ရှည်တော်မူပါသည်၊ ကမ္ဘာပေါ်တွင် 'ရသာယနဆေး' အကူအညီ မပါပဲ ပင်ကိုယ်သဘာဝအတိုင်း အသက်ရှည်ကြသောသူတို့တွင် ရှင်ဗာကုလသည် အသက်အရှည်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။

## အရှင်ဗာကုလ ဆုတောင်း

အပ္ပါဗာဓော မဟာထေရော၊ အပ္ပါဗာဓာန မုတ္တမော။
ဗာကုလော အရဟာ ဇာတာ၊ သဒါ သောတ္ထိ ကရောတု နော။

အရှင်ဗာကုလမထေရ်သည် နွားနို့တညစ် လက်တဖျစ်မျှ အနာရောဂါ ရှိတော်မမူပါပေ၊ အနာရောဂါကင်းသူ ကျန်းမာသူတို့တွင် အမြတ်ဆုံး ဖြစ်တော်မူပါ၏၊ ကိလေသာကင်းစင် ရဟန္တာ အရှင်လည်း ဖြစ်တော်မူပါ၏။ အသက် (၁၆၀)ထိ ရှည်တော်မူသော ထိုအရှင်ဗာကုလ ရဟန္တာမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ *(ဥပ္ပါတသန္တိကျမ်းလာ ဆုတောင်းဂါထာ)*

## လောကနှင့်သာသနာမှာ ကွာခြားပုံ

လောကတွင် အသက်ကြီးလာလျှင် "ကြောင်အိုလျှင် ကြွက်မလေး" ဟူသည့်စကားအတိုင်း လူငယ်တို့၏ ရိုသေလေးစားမှု လျော့ကျသွားတော့၏၊ "အိုပယ်" ဟူသောစကားအတိုင်း ကားအိုကဲ့သို့ တန်ဘိုးကျကာ ချောင်ထိုး ခံရတော့၏၊ ထို့ကြောင့် အချို့ပုဂ္ဂိုလ်များ အသက်ကြီးသွားမှာ အိုမင်းမစွမ်းဖြစ်သွားမှာ ဘိုးဘွားရိပ်သာ အပို့ခံရမှာကို ကြောက်ကြရှာ၏။

သာသနာမှာမူ ထိုကဲ့သို့ မဟုတ်ပေ၊ ရဟန်းသံဃာတော်များမှာ အိုလေ အသက်ဝါကြီးသွားလေ ပတ်ဝန်းကျင်၏ အသိအမှတ်ပြုမှု လေးစားမှုကို ပို၍ခံယူရ၏၊ "နှစ်ချို့ပျားရည်" ကဲ့သို့ တန်ဘိုးတက်သွား၏၊ "ရှေးဟောင်း ပစ္စည်း"ကဲ့သို့လည်း တန်ဘိုးကြီးသွား၏၊ ရှေးဟောင်းပစ္စည်းသည် ကြာလေ ဟောင်းလေ တန်ဘိုးပိုမို များသွားသလို ရဟန်းသံဃာတော် များမှာလည်း အသက်သိက္ခာဝါကြီးလေ တန်ဘိုးများလေဖြစ်၏၊ ထေရ်ကြီးဝါကြီး အသက်

သိက္ခာကြီးမားသူတို့သာ ဆွမ်းဆန်စိမ်းလောင်းပွဲ, သိမ်ဆင်းလောင်းပွဲ၊ ဆွမ်းစား ကွမ်းစား-စသည့် အလှူအတန်း အပင့်အဖိတ်ကိစ္စတို့၌ ရှေ့ဆုံး ရှေ့တန်းမှာ နေကြရ၏၊ တပည့်တပန်းဒကာ+ဒကာမတို့၏ ပိုမိုကြည်ညိုလေးစားမှု၊ ရဟန်းသံဃာအချင်းချင်း၏ အသိအမှတ် ပြုမှုကိုလည်း ပိုမိုခံရသည်။

ညောင်တုန်းဆရာတော်ကြီး မောင်းထောင် မြေဇင်းဆရာတော်ကြီး တို့နှင့်အတူ (၂၀၀၂)ခုနှစ်၊ သီရိလင်္ကာနိုင်ငံသို့ဘုရားဖူးသွားစဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကလေးပါ၊ အနုရာဓမြို့သို့ ရောက်သည့်အခါ "သီရိမဟာ ဗောဓိညောင်ပင်"သို့သွားရောက်ဖူးမြော်ကြ၏၊ အနုရာဓ မြန်မာကျောင်းဘုန်းကြီးဦးသုန်က လိုက်လံပို့ဆောင်ပေး၏၊ ဗွီအိုင်ပီ ပုဂ္ဂိုလ်များ သာတက်ရောက်ခွင့်ရသော အပင်ခြေကိုပါ မြင်ရသည့် အပေါ်ဆုံးအထပ်သို့ ရောက်လာပါပြီ၊ ပါလာသောပန်းတို့ဖြင့် ပူဇော်ပြီးနောက်ဗောဓိပင်ကို ထိကိုင်လျက် သက်န်းလှူရန်အတွက်ကိုမူ ဗောဓိပါလဘုန်းကြီးက ဆရာတော်ကြီး (၂)ပါးကိုသာ စီစဉ်ပေးပါသည်၊ စာရေးသူကိုမူ ခွင့်မပြုပါ၊ ဦးသုန်က စာရေးသူ၏ ဂုဏ်တွေကိုပြောပြပြီး တောင်းပန်သော်လည်း စာရေးသူမှာ အရွယ်ငယ်လို့ဟူ၍အကြောင်းပြကာ ထိကိုင်ခွင့် မပေးခဲ့ပါ၊ ထိုအချိန်တွင် စာရေးသူမှာဗောဓိပင်ကို ထိကိုင်ပြီး လှူခွင့်ရရန် အသက်အရွယ်ကြီးချင်စိတ်ဖြစ်ပေါ်ခဲ့ဘူး၏၊ ရွှေထီးတော်တင်လှူရန် သွားသည့် (၂၀၀၈)တွင်မူအသက်အရွယ် ကြီးသွား အိုသွားလို့လား မသိပါ၊ ထိုဗောဓိပါလဘုန်းကြီးကပင် ခွင့်ပြုသဖြင့် စာရေးသူမှာ မဟာဗောဓိ ညောင်ပင်

တော်ကို သက်န်းကပ်ပြီး ထိကိုင်လျက် ဦးတိုက်ခွင့် ရခဲ့သည်မှာ တသက် တကိုယ် မမေ့နိုင်စရာပါ။

## ကြီးမြတ်မှု (၃)မျိုး

အသက်အရွယ်ကြီးမှုနှင့် စပ်၍ ပိဋကစာပေ၌ ကြီးမြတ်မှု (၃)မျိုးကို ထုတ်ပြထားပါသည်၊ ကြီးမြတ်မှု (၃)မျိုးတို့မှာ-

၁။ ဇာတိဝုမ္မ=ခတ္တိယမင်းမျိုး ဝါသေဌမျိုး,ကဿပမျိုး စသည်ဖြင့် ဇာတ်မျိုးနွယ်နှင့်စပ်သော ကြီးမြတ်မှု၊ ဤဇာတ် မျိုးနွယ်နှင့်စပ်သော ကြီးမြတ်မှုမှာ "ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ" စသော အမ္ဗဋ္ဌသုတ်ပါဠိတော်၌ လာရှိသည်။

၂။ ဝယဝုမ္မ=အသက်အရွယ်ကြီးမားမှု၊ အသက်ရှည်မှု၊ ဤအသက် အရွယ်ကြီးမားမှုမှာ ဆင်၊ မျောက်၊ ခါ=ဟူသော တိရစ္ဆာန်(၃)ဦးတို့ပါဝင်သော တိတ္တိရဇာတ်တွင် လာရှိသည်၊ ဤဇာတ်တော်အရ အသက်ရှည်သူ အသက် ကြီးသူတို့ကို ရိုသေလေးစားရပါမည်။

၃။ ဂုဏဝုမ္မ=သီလစသော ဂုဏ်ရှိမှု ဂုဏ်ကြီးမားမှု၊ ဤဂုဏ်ရှိမှု ဂုဏ်ကြီးမားမှုမှာ "ဇေဋ္ဌော ဘဝံ ဂေါတမော သေဋ္ဌော ဘဝံ ဂေါတမော" ဟူသော ဝေရဥ္ဇကဏ္ဍ ပါဠိတော်တွင် လာရှိသည်၊ ဤဝေရဥ္ဇကဏ္ဍ၌ ဘုရားရှင် သည် အသက်ကြီးမှု၊ ဝယဝုမ္မထက် ဂုဏ်ကြီးမှု ဂုဏဝုမ္မက ပို၍မြင့်မြတ်ကြောင်းကို ဟောပြတော်မူ၏၊ ထို့ကြောင့် အသက်ကြီးသော ဝေရဥ္ဇာပုဏ္ဏားအိုကြီးသည် မိမိအောက် အသက်အရွယ် ငယ်ရွယ်သော်လည်း ဂုဏ်ကြီးမားသူ

မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချခဲ့ရလေသည်၊ သို့ဖြစ်၍ အသက် အရွယ်ကြီးမှု ဝယဝုဍ္ဍ လိုအပ်သလို ဂုဏ်ကြီးမှု ဂုဏဝုဍ္ဍကိုလည်း လိုအပ်ပါ၏၊ ဝယဝုဍ္ဍ+ဂုဏဝုဍ္ဍ-အားဖြင့် (၂)မျိုးစလုံး သက်ကြီး ရွယ်ကြီး+ဂုဏ်ရှိ ထေရ်ကြီး ဝါကြီး ဖြစ်ပါလျှင် မူကား ပို၍ခိုးမွမ်းအပ် လေးစားအပ်ထိုက်ပါတော့၏။ "နဝရတ်ရတု" ဖြင့် ဂုဏ်ပြု ပူဇော်ခံ ရမည့် သက်တော်ရှည် ညောင်တုန်းဆရာတော်ကြီးမှာ ဝယဝုဍ္ဍ+ ဂုဏဝုဍ္ဍအားဖြင့်(၂)မျိုးစလုံး ပြည့်စုံသော ဆရာတော်ကြီး ဖြစ်ပါသည်။

## အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ

ဂုဏ်ပြုခံ ညောင်တုန်း ဆရာတော်ကြီးမှာ သက်တော် (၉၁)နှစ် ပြည့်ပြီးဖြစ်၍ သက်တော်ရှည် ဆရာတော်ကြီးဖြစ်၏၊ "သက်တော်ရှည်မှု" နှင့်စပ်၍ အသက်ရှည်ကြောင်း နည်းလမ်းကောင်း တို့ကို ပိဋကစာပေ၌ လေ့လာ ရှာဖွေကြည့်ရာ ဖော်ပြပါအတိုင်း တွေ့ရှိရ၏။

## (က) ဓမ္မပဒ ဒေသနာနည်း

"အဘိဝါဒန သီလိဿ" စသော ဓမ္မပဒနှင့် အာဋာနာဋိယ ပရိတ်တို့အလို မိမိထက် အသက်သိက္ခာဂုဏ်ဝါ ကြီးမားသူတို့ကို အမြဲရှိခိုး ပူဇော်ရပါမည်၊ မာန်မာန မထားပဲ လေးစားစွာ ဆက်ဆံ ရပါမည်၊ ယင်းသို့ ရှိခိုးပူဇော်ပါလျှင် အာယုဝဍ္ဍန သတို့သားကဲ့သို့ အသက်ရှည်နိုင်ပါသည်။

ကိုယ်ထက်သိက္ခာ၊ သက်ဝါကြီးလတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ လေးမြတ်ရိုးကျိုး၊ လက်စုံမိုး၍၊ ရှိခိုးသူမှာ၊ သက်တာရှည်ရ၊ လှပ အဆင်း၊ ချမ်းသာခြင်းနှင့်၊ ပြည့်တင်းခွန်အား၊ လေးပါးအကျိုး၊ လွန်ပွားတိုး၏။ *(ဓမ္မပဒပန်းကုံး)*

## (ခ) မဟာဓမ္မပါလ ဇာတ်တော်နည်း

"တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ" ဟူသော မဟာဓမ္မပါလ ဇာတ်တော်အလိုမှာမူ ငါးပါးသီလ စောင့်ထိမ်းရခြင်း၊ ငါးပါးသီလတွင်လည်း ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် သီလကို စောင့်ထိမ်းရခြင်း ဖြစ်၏၊ ကာမေသု မိစ္ဆာစာရသိက္ခာပုဒ် သီလကို စောင့်ထိမ်းခြင်းဟူသည် မိမိလင်+မိမိမယားဖြင့်သာ တင်တိမ်ရောင့်ရဲခြင်းဖြစ်၏၊ တလင်တမယား စနစ်ကို ကျင့်သုံးခြင်းပင်ဖြစ်သည်၊ ယင်းစနစ်ကျင့်သုံးခြင်းကို "ဗြဟ္မစရိယ=မြတ်သောအကျင့်"ကို ကျင့်သုံးခြင်းဟု ဆိုသည်။ထိုစနစ်ကို ကျင့်သုံးလျှင်လည်း မဟာဓမ္မပါလ ရွာသားတို့ကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြတော့ပေ၊ အသက်ရှည်နိုင်ပါသည်။

တစ်ဖြာထို့ပြင်၊ ငါးအင်သီလ၊ ပဥ္စင်္ဂကို၊ စောင့်ထားမမှား၊ ထိုအပြားတွင်၊ မယားတစ်ယောက်၊ လင်တစ်ယောက်ထက်၊ မဖေါက် ဘယ်မျှ၊ သန္တောသဟု၊ ဗြဟ္မစရိယာ၊ ကျင့်မြတ်စွာလည်း၊ မဟာဓမ္မ၊ ပါလပုဏ္ဏား၊ အမျိုးသားတို့၊ တရားဆောင်တယ်၊ ကင်းအပါယ်နှင့်၊ သူငယ်ဟူသမျှ၊ ငယ်ကမသေ၊ ထောင်သက်နေ၏။

## (ဂ) အဘိဓမ္မာ မူလဋီကာနည်း

အဘိဓမ္မာ မူလဋီကာ၌ ခန္ဓာကိုယ် ကျန်းမာရေး ကောင်းမွန်ကြောင်း နည်းလမ်းကောင်း (၃)ချက်ကို ထုတ်ပြထား၏၊ ၎င်း(၃)ချက်တို့မှာ-

၁။ အစာအာဟာရကို ကျေညက်စွာ သုံးဆောင်ခြင်း၊

၂။ လျောက်ပတ်သော ရာသီဥတု အစာအာဟာရကို မှီဝဲနေထိုင် စားသုံးခြင်း၊

၃။ သမ္မာပယောဂဟု ဆိုအပ်သော ကိုယ်လက်လှုပ်ရှားခြင်း၊ စကြံလျှောက် လမ်းလျှောက်ခြင်း၊ စိတ်ချမ်းသာအောင် နေထိုင်ခြင်းတို့ ဖြစ်ကြသည်။

ဤ နည်းလမ်း(၃)ချက်ကို ပြုလုပ်လျှင် ခန္ဓာကိုယ်ပေါ့ပါး နူးညံ့ခြင်း၊ သွက်လက်ခြင်း၊ ကာယလဟုတာရုပ်, ကာယမုဒုတာရုပ်,ကာယကမ္မညတာရုပ်များ ဖြစ်လာပြီး ကျန်းမာရေး ကောင်းမွန်တော့၏၊ ကျန်းမာရေး ကောင်းမွန်လျှင် အသက်လည်း ရှည်သွားပါသည်။ *(မူ-ဋီ၊ ၁၊ ၇၀၊ နု-ဋီ၊ ၁၊ ၇၆)*

## (ဃ) ပထမအနာယုဿာ ဒေသနာနည်း

အင်္ဂုတ္တိုရ်ပါဠိတော်လာ ဘုရားရှင် ဟောပြထားသည့် ပထမ အနာယုဿာ ဒေသနာနည်းအရ အသက်ရှည်ကြောင်း ကျင့်စဉ်တို့မှာ ဖော်ပြပါအတိုင်း အချက်(၅)ချက်တို့ ဖြစ်ကြ၏၊ ၎င်း(၅)ချက်တို့မှာ-

၁။ လျှောက်ပတ်စွာ ပြုကျင့်လေ့ရှိခြင်း။

၂။ လျှောက်ပတ်စွာ ပြုလုပ်ခြင်း၊ စားသောက်ခြင်း၌ အတိုင်းအတာကို သိခြင်း။

၃။ ကြေကျက်လွယ်သော အစာကို စားလေ့ရှိခြင်း။

၄။ အချိန်အခါ၌ သွားလာလှုပ်လည်လေ့ရှိခြင်း။

၅။ မေထုန်ရှောင်မှု ဟုဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်ခြင်း။

ဤလူ့ဇာတ်၌၊ လျှောက်ပတ်ကျင့်ငြား၊ လျှောက်ပတ်စားနှင့်၊ ဆေးဝါးစာကြေ၊ သွားထွေကာလ၊ ဗြဟ္မစာရီ၊ ဤငါးလီမူ၊ လောကီလူပေါင်း၊ သက်ရှည်ကြောင်းတည်း။ *(မဃဒေဝ လင်္ကာ)*

## (င) မဟာဝံသ ကျမ်းလာနည်း

မဟာဝံသကျမ်း၌မူ သီဟိုဠ်ဘုရင် ဝသဘမင်း မေးမြန်းချက်အရ ရဟန္တာအရှင်မြတ်တို့သည် ဖော်ပြပါ အသက်ရှည်ကြောင်း ကျင့်စဉ်ကောင်း (၆)ချက်တို့ကို ဟောပြတော်မူခဲ့ကြ၏၊ ၎င်း(၆)ချက်တို့မှာ-

၁။ ရေစစ်,လှူဒါန်းခြင်း၊

၂။ ဆေးဝါး,လှူဒါန်းခြင်း၊

၃။ ကျောင်းအသစ်ဆောက်လုပ်,လှူဒါန်းခြင်း၊

၄။ ကျောင်းဟောင်း ဘုရားစေတီဟောင်းတို့ကို ပြုပြင်ခြင်း၊

၅။ ငါးပါးသီလ မြဲခြင်း၊

၆။ ဥပုသ်ရှစ်ပါးသီလ ဆောက်တည်ခြင်းတို့ ဖြစ်ကြ၏။

ဤကျင့်စဉ်(၆)ချက်ကို လိုက်နာပြုကျင့်လျှင်လည်း သီဟိုဠ်ဘုရင် ဝသဘမင်းကဲ့သို့ နန်းသက်, လူသက်(၂)မျိုး စလုံး ရှည်နိုင်ပါသည်။

မှတ်ဆောင်တဆစ်၊ ရေစစ်ဆေးကျောင်း၊ အဟောင်း ပြုပြင်၊ ပဥ္စင်အဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာ ယုကာ၊ ပုညခေါ်ရိုး၊ ကျင့်တမျိုးတည်း။ *(မဃဒေဝလင်္ကာ)*

## (စ) ရတနာပုံခေတ် ဆရာတော်ကြီးများနည်း

ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်တော်တွင် သက်တော်ရှည် အသက် (၉၀)ကျော် ဆရာတော်ကြီး (၉)ပါးကို သမိုင်းဆရာတို့က ထုတ်ပြကြ၏၊ ဆရာတော်(၉)ပါး၏ နာမည်ကို သာမကပဲ ဆရာတော်ကြီးများ အသက်ရှည်အောင် ကျင့်သည့် ကျင့်စဉ်ကိုပါ တွဲလျက် မှတ်တမ်းတင်ထားကြ၏၊ ထိုဆရာတော် ကြီး (၉)ပါးတို့မှာ ဖရုံစကု၊ ယာဂုမင်းကြီး၊ မဲထီးသရဏာ၊ သာဖန်ကြဇု၊ မစုသာစည်၊ ရွှေပြည်ဗောဓ္ဈင်၊ ပြုပြင်တုတ်လှမ်း၊ ယပ်တန်းဒါန၊ အဒေါသမေတ္တာ၊ ဘုံကျော်မှာ၊ များစွာအာယု ရှည်သတည်း ဟူသော လင်္ကာနှင့်အညီ-

၁။ စကုဆရာတော်=ကျောက်ဖရုံသီဟင်း ၄င်းဆေးကို - အမြဲဘုဉ်းပေးသည်၊

၂။ မင်းကြီးတိုက်ဆရာတော်=ယာဂု အမြဲဘုဉ်းပေးသည်၊

၃။ မဲထီးဆရာတော်=သရဏဂုံကို ပုတီးအမြဲစိပ်သည်၊

၄။ သာဖန်(သဖန်း)ဆရာတော်=ကြဇုဆေးကို အမြဲဘုဉ်း ပေးသည်၊

၅။ သာစည်ဆရာတော်=ပျားရည် အမြဲဘုဉ်းပေးသည်၊
၆။ ရွှေပြည်ဆရာတော်=ဗောဇ္ဈင်သုတ်တို့ကို အမြဲရွတ်-ဆိုသည်၊
၇။ တုတ်လှမ်း(ဒုတ်လှမ်း)ဆရာတော်= အဆောက် အအုံ လမ်း, တံတားဟောင်းများကို ပြုပြင်သည်၊
၈။ ယပ်တန်းရောတော်=ရသမျှဝတ္ထုများကို အမြဲ-လှူဒါန်းသည်၊
၉။ ဘုံကျော်ဆရာတော်=မေတ္တာပို့သ အမြဲပွားများသည်၊

*(မဟာသုတဒီပနီ၊ ၆၆၀)*

## ညောင်တုန်းဆရာတော်ကြီး၏ အသက်ရှည်နည်းကျင့်စဉ်

နဝရတ်ရတုဖြင့် ဂုဏ်ပြုပူဇော်ခံရမည့် ညောင်တုန်း ဆရာတော်ကြီး အသက်ရှည်ရခြင်း အကြောင်းရင်း ကုသိုလ်တို့မှာ ဖော်ပြပါအတိုင်း ကုသိုလ်(၄)မျိုးတို့ ဖြစ်သည်ကို လေ့လာတွေ့ ရှိရပါ၏။

၁။ အရဟံဂုဏ်တော်(၅)ချက် နေ့စဉ်ပွားခြင်း၊ သမ္ဗုဒ္ဓေဂါထာ အမြဲမပြတ် ရွတ်ခြင်း၊ ဘုရားဂုဏ်တော် ကွန်ခြာ ပုတီးစိပ်ခြင်း အားဖြင့် ဘုရားဂုဏ်တော် ပွားခြင်း ကုသိုလ်၊
၂။ ဒေါသနည်းပါးပြီး မေတ္တာကို အမြဲပွားခြင်း ကုသိုလ်၊
၃။ ဆွမ်းခံ နေ့စဉ်ကြွခြင်း၊ တိုက်တာအတွင်း တံမြက်လှည်းခြင်း-အားဖြင့် သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ခြင်းကုသိုလ်၊

၄။ မိမိထက် အသက်ကြီးသူတို့အား ရိုသေလေးစား ဂရုဂါရဝ ထားပြီး ရှိခိုးပူဇော်လေ့ရှိခြင်း ကုသိုလ်တို့ ဖြစ်ကြပါသည်။

ဂုဏ်တော်ပွားများ၊ မေတ္တာထား၊ အများကိစ္စ ဆောင်ရွက်ရ၊
ကြီးသူတို့အား၊ ရိုသေဝြား၊ မှတ်သား သက်ရှည်ရ၊

## အဝေး+အနီး အကြည်ညိုခံနိုင်သော ဆရာတော်

ဆရာတော်သံဃာတော်တို့ကို ကြည်ညိုဆည်းကပ်ကြရာတွင် တချို့ဆရာတော်တို့မှာ "ရုပ်သေးရုပ်များ"ကို ကြည့်ရှုရသလို အဝေးမှပင် ကြည်ညိုကြရ၏၊ အနီးကပ် ကြည်ညိုဆည်းကပ်လိုက်လျှင်မူ ရုပ်သေးရုပ်များကဲ့သို့ သံယောဇဉ်ကြိုးများ ရှုပ်ထွေးနေသည်ကို မြင်တွေ့လိုက်ရသဖြင့် သဒ္ဓါ မခိုင်သူများအဖို့ သဒ္ဓါတရား ပျက်ပြား သွားဖွယ်ဖြစ်၏။

တချို့ ဆရာတော်များမှာမူ အဝေးကပဲ ကြည်ညိုသည် ဖြစ်စေ၊ အနီးကပ်ပြီး ကြည်ညိုဆည်းကပ်သည် ဖြစ်စေ၊ ခံယူနိုင်ကြ၏၊ ထိုဆရာတော် မျိုးကို "မနော ဘာဝနီယ=သဒ္ဓါတရား စိတ်နှလုံးကို တိုးပွားစေသော ဆရာတော်" ဟူ၍ ဆိုရ၏၊ စာရေးသူသည် ညောင်တုန်း ဆရာတော်ကြီးနှင့် အတူ ပြည်တွင်းပြည်ပသို့လည်း အတူသွားဘူး၏၊ နေ့စဉ်တစ်ဝိုင်းထဲမှာပဲ အတူစားရ၏၊ တစ်တိုက်ထဲမှာပဲ အတူနေရ၏၊ ကျောင်းတိုက်ဆိုင်ရာကိစ္စတို့ကိုလည်းအတူ ပြောဆိုလျက် တွဲဖက်လုပ်ကိုင်ရ၏၊ ဆရာတော်ကြီး၏ စိတ်နေစိတ်ထားမှအစ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံ ကံ(၃)ပါးတို့ကို အနီးကပ် လေ့လာသုံးသပ် ကြည့်ရှုသောအခါ အနီးကပ်ကြည့်လေ ကြည်ညိုစရာကောင်း လေပင် ဖြစ်သည်။

ထို့ကြောင့် ဗဟန်းဇီဝိတဒါနသံဃာ့ဆေးရုံမှ အရာရှိကြီး တစ်ဦးက ဆရာတော်ကြီးကို ဤသို့လျှောက်ထားဖူး ပါသည်။

"တပည့်တော်က ဆရာတော်ကို မသိပါ။ သို့သော် တပည့် တော်တို့ ဆေးရုံသို့ ကြွလာကြတဲ့ ဂိုဏ်းတစ်ပါးက ဆရာတော် တွေကတောင် ညောင်တုန်းဆရာတော်ကို ချီးမွမ်းစကား ပြောကြား တာကိုတော့ ကြားရပါတယ်၊ ဂိုဏ်းတပါးက ဆရာတော်တွေ သော်မှ ဂိုဏ်းမတူတဲ့ အရှင်ဘုရားကို ချီးကျူးစကား ပြောကြား နေတာကို ကြားရလို့ အရှင်ဘုရားကို တပည့်တော် ကြည်ညိုမိတာ ပါဘုရား"

ထိုအရာရှိကြီးသည် ဆရာတော်ကြီးကို ထိုအချိန်မှစ၍ "ဆရာရင်း ဒကာရင်း သဖွယ်" ရင်းရင်းနှီးနှီး ကြည်ညိုဆည်းကပ်၏၊ သောကြာနေ့ တိုင်းလည်း ညောင်တုန်းတိုက် သံဃာတန်းကို ဆွမ်းလောင်းလေသည်။

## သက်ရှည်ကျန်းမာ ဒီဃာယုမန္တန်

ယင်းသို့ အဝေး+အနီးအားဖြင့် နှစ်မျိုးစလုံး ကြည်ညို ဆည်းကပ်မှု ခံယူနိုင်သော ညောင်တုန်း ဆရာတော်ကြီးကို "အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ"ဆောင်းပါးဖြင့် ရေးသားပူဇော်ရပါ၏၊ ယင်းသို့ ရေးသားပူဇော်ရသော ကုသိုလ် စေတနာကြောင့် "ညောင်တုန်းဆရာတော်ကြီး ကျန်းမာစွာ သာသနာပြုလျက် သက်တော်ရာကျော် ရှည်ပါစေသော်"ဟူ၍ ဆုတောင်းပတ္ထနာ ပြုလိုက်ရပါ၏၊ စာရှုသူများလည်း ဆရာကြီး

ဆန်းထွန်း (မန်းတက္ကသိုလ်) ၏ ဒီဃာယုမန္တန်ကို ရွတ်ဖတ်လျက် သက်တော်ရာကျော် ရှည်ကြပါစေ-ဟူ၍ ဆုမွန်ကောင်း ချွေလိုက်ရပါ၏။

(က) ဝိ-ပေါက်-ဖြဟ္မာ
သေလ-ဗာ
အာနန်-ကဿပ။

(ခ) ဥတ္တရာ ထေရီ
ဂေါတမီ,ဓမ္မ
သဝ ပိတု
ထေရ် သာနုနှင့်
အာယုဝဍ္ဎန ကုမာ
သက်ရာက ကယ်
နှစ်ဆယ်ရှည်ကျူး
ဆယ့်နှစ်ဦး
ကြည်နူး ဝန္ဒာမ။

(ဂ) သက်တော်ရှည်ကျိုး
ရည်မျှော်ကိုး
ရှိခိုး ဦးနှိမ်ချ။

*အရှင်နာရဒါဘိဝံသ (လှရတနာ)*

*(နဝရတ်ရတု ဂုဏပူဇာ စာစောင်)*

## "သက်တော်ရာကျော် ရှည်ပါစေသော်"

၁၃၂၉-ခုနှစ်က ဤစာရေးသူသည် ပေါက်ခေါင်းမှ ရန်ကုန်သို့ တက်လာသည်။ ရည်ရွယ်ချက်မှာ ပထမပြန် စာမေးပွဲလောကတွင် အောင်ချက် ကောင်းလှသည်ဟု နာမည်ကျော်လျက်ရှိသော ဗဟန်း ပါဠိတက္ကသိုလ် ဩောင်တုန်းကျောင်းတိုက်တွင် နေ၍ ပထမကြီးတန်းကို အားထုတ်ရန်ဖြစ်သည်။ တာမွေ သိမ်ကုန်းကျောင်းတိုက် အာရှကျောင်းတွင် တည်းခိုနေရာ အာရှကျောင်း ဘုန်းကြီး ဦးသာဂရ (ရွှေတောင်) က ဤစာရေးသူကို လိုက်ပို့သည့် နှောကုန်း ဘုန်းကြီး ဦးမေဏ္ဍကအား "ကိုယ်တော် ဒီကိုရင်ကို ဩောင်တုန်းအပ်မယ်ဆိုလျှင် အဲသည်မှာ တပည့်တော်တို့နဲ့ ခြောက်ထပ်ကြီးမှာအတူ နေခဲ့တဲ့ ဦးသောဘဏ လေးရှိသားဘဲ၊ သူ့ဆီကို အရင်သွားပြီးမှ ပဓာနနာယကဆရာတော်ဆီ သွားအပ်လိုက်ပေါ့" ဟု အကြံပေးသည်။ ဤသို့ဖြင့် အရှင်ဇာဆွမ်း

စားပြီး ရေတာရှည်လမ်းဟောင်းရှိ ညောင်တုန်းတိုက်သို့ သွားကြကာ ဆွမ်းစားကျောင်း ဝေယျာဝစ္စများကို ကြီးကြပ်နေသော စာချဘုန်းကြီး ဦးသောဘဏကိုပါ ပင့်ဆောင်ပြီး ပဓာနနာယကဆရာတော် ဦးခေမိန္ဒာဘိဝံသထံ သွားရောက် အပ်နှံခြင်းဖြင့် ညောင်တုန်းတိုက်ကြီး၏ စာသင်သားဘဝကို ရရှိသွားပါ၏။ ထိုစဉ်က ဤစာရေးသူက (၁၉)နှစ်ရှိပြီဖြစ်ရာ ဆရာတော် ဦးသောဘဏမှာ (၄၈)နှစ်ခန့်ရှိပေမည်။

စာရေးသူသည် ညောင်တုန်းတိုက်တွင် ၁၃၂၉၊ ၁၃၃၁၊ ၁၃၃၂ ခုနှစ်အားဖြင့် သုံးနှစ်နေခဲ့ရာ ဆရာတော် လုလ္လဝိရိယကြီးလှုပုံတို့ကို နေ့စဉ် တွေ့မြင်ရ၏။ ညောင်တုန်းတိုက်အရဏ်ဆွမ်းအတွက် နေ့စဉ်ဆွမ်းခံထွက်ကြရာ ဆရာတော်ပင်ခေါင်းဆောင်ကြွပါသည်။ သောကြာ၊ ဗုဒ္ဓဟူး၊ စနေနေ့ များတွင် တစ်နာရီခွဲခန့်ကြာအောင် ကြွရသည်။ ဆောင်းတွင် အေးချမ်း၍ မိုးတွင် ရေလွှမ်းသည်။ မိုးရွာနေလည်း ကြွကြရသည်သာ၊ မိုးကြီးလျှင် ရေများက ခြေသလုံးပင် မြုပ်တော့သည်။ ဗုဒ္ဓဟူးနေ့မှာ အဆိုးဆုံး၊ "ကြမ်းပြင်ကမြေထိုင်၊ အိမ်တိုင်ကယိုင်ချိ၊ လမ်းမဖုံကြမ်းပုံဆိုး၊ အုတ်ကျိုးအပြည့်"ဟု စာသင်သား ကဗျာရှင် ဦးဥတ္တမ (ပေါက်ခေါင်း) ရေးဖွဲ့သော

"ဗုဒ္ဓဟူးပတ်"အမည်ရှိ ကဗျာကလေးအတိုင်းပင်တည်း။ စာသင် သားများမှာ တစ်ရက်ခြား၊ နှစ်ရက်ခြား ကြွကြရသော်လည်း ဆရာတော်က နေ့စဉ်ကြွပါသည်။ ထို့ပြင် တဝကျောင်းတိုက် သန့်ရှင်း ရေးကိစ္စ စာမေးပွဲကျသည့် စာသင်သား

များအား ဒဏ်ပေးခြင်းကိစ္စ၊ ညဘုရားဝတ်တက်ပြီး ဒဏ်လျှော့ ရသည့်ကိစ္စ၊ ည စာပြန်ချိန် ကျောင်းဆောင်များကို လှည့်ပတ် စစ်ဆေးသည့်ကိစ္စ စသည်များကိုလည်း ဆရာတော်ပင်ဒိုင်ခံ၍ ဆောင်ရွက်နေသည်ကို တွေ့ရပါ၏။

ဤစာရေးသူသည် (၁၄)ကြိမ်မြောက် ရန်ကုန်မြို့လုံး ဆိုင်ရာ သုဓမ္မဝတီ ရှင်သာမဏေစာမေးပွဲ တတိယဆင့်ကို အမှတ် အများဆုံးရရှိအောင်မြင်သဖြင့် "သာမဏေကျော်"ဘွဲ့ကို ရရှိခဲ့ရာ ကျားကူးမွှာရုံ တွင် ဘွဲ့နှင်းသဘင်ကျင်းပ၍ ဝန်ကြီးချုပ်ဟောင်း ဦးနုလာရောက်ပြီး ဘွဲ့လက်မှတ် ဆက်ကပ် ခဲ့ပါသည်။ ထိုပွဲတွင် လည်း ဆရာတော် ဦးသောဘဏပင် သာမဏေကျော်၏ ဆရာ အဖြစ် လိုက်ပါ၍ 'သဒ္ဓမ္မသုံးဖြာသာသနာတော်ကြီး၏ အသက် သည် ပရိယတ်ပင် ဖြစ်ကြောင်း၊ ပရိယတ်တည်မှ သာသနာ တည်မည်ဖြစ်ကြောင်း" ဩဝါဒ မိန့်ခွန်းပြောကြားရာ ဦးနုနှင့်တကွ ပရိသတ်များ သဘောပေါက်၍ ဝမ်းမြောက် နှမော် သာဓုခေါ်ခဲ့ကြ ပါသတည်း။

ဆရာတော် စီမံအုပ်ချုပ်သော ညောင်တုန်းတိုက်ကြီး၏ ဦးထိပ် ထားသော စကားရပ်မှာ "အနတီတ သတ္ထုကမေဝပါဝစနံ" တည်း။ အဓိပ္ပါယ်မှာ "ပိဋကတ်ပါဠိတော်တွေ တည်ရှိနေလျှင် ဘုရားရှင်လည်း မကွယ် သေးပါ"ဟူ၍ဖြစ်၏။ ပိဋကတ်ကွယ် မသွားအောင် စာသင်စာချအလုပ်များဖြင့် စောင့်ရှောက်နေကြရ ခြင်းတည်း။ ထိုအလုပ်မှာလည်း ဆရာတော်၏ ဖွဲ့ကိုတွေ့ရ၏။ စာရေးသူတို့ နေစဉ်က ဆရာတော်သည် ဓမ္မသင်္ဂဏီ အဘိဓမ္မာ

ပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာကို နံနက် (၇)နာရီ စာချတန်းစာဝါအဖြစ်ပို့ချ၏။ သံဝဏ္ဏနာစစ်စသော စာချတန်း အခြေခံ စာများကိုလည်း ညဝါ အဖြစ်ပို့ချသေး၏။ စာချရင်း စိတ်ပါလာသည့်အခါ ယှပ်လှဲ့မွကထိကလို အသံနေ အသံထား လေး များပင်ပါလာတတ်၏။ တစ်ခါသော် ရပ်နေသော နာရီကို ကြည့်ပြီး စိတ်ပါလက်ပါ ပို့ချနေရာ ဆွမ်းခံချိန်ပင် ကပ်သွား ပါသတည်း။

နာရီပျက်ကို ပြင်ရန် နာရီပြင်ခအတွက်ရှိသည့် သက်န်း ကလေးကိုပင် ရောင်းချဘို့ပေးပြီး နာရီဆိုင်သို့လွှတ်လိုက်ရ၏။ (ဤအဖြစ်ကလေးကို တပည့်စာရေးဆရာတင်အောင်ထွန်း (သုတေသန) က "နာရီပျက်လျှင် ပြင်ထားပါ"ဟူသောအမည်ဖြင့် ဝတ္ထုဆောင်းပါးရေးသားပူဇော်ခဲ့ပါသည်။)

သုတ်မဟာဝါအဋ္ဌကထာ၌ စာချဖွဲ့ကောင်းလှသည့် စာချဘုန်းကြီး တစ်ပါးအကြောင်း တွေ့ရ၏။ ဘွဲ့တော်မှာ အရှင် မဟာသီဝဖြစ်၏။ သူသည် ဂိုဏ်းကြီး(၁၈)ဂိုဏ်းမှ စာသင်လိုသူ များကို စာချပေးရသည်။ စာဝါများ ဆက်လျက်ရှိ၏။ တစ်နေ့သ၌ ကိုယ်တော်တစ်ပါးလာရောက်ပြီး "အနုမော ဒနာတစ်ခုကို သင်ယူ လိုပါသည်"ဟုလျှောက်၏။ "အချိန်မပေးနိုင်"ဟုပြောတော့ "စာကြဲရာတန်ဆောင်း မှာနေခိုက် မေးပါမည်"ဟု လျှောက်ပြန်၏။ "အဲသည်အချိန်မှာလည်းမအား၊ သူများတွေမေးနေသည်" "ဆွမ်းခံကြွရာ လမ်းမှာ သင်ရင်ကောဘုရား" "မေးမည့်သူ ရှိနေ သည်" "သက်န်းဝတ်သည့် နေရာမှာကော ဘုရား" "မအားသေး

ပါဘူး” ဤသို့အားဖြင့် နှစ်ထပ်သက်နှီး ရုံရာအခါ၊ သပိတ်ကို ထုတ်ရာအခါ၊ ရွာတွင်းမှာ ဆွမ်းခံပြီး ဆွမ်းစားဇရပ်မှာ ဆံပြုတ် သောက်ရာအခါ၊ ဆွမ်းခံရွာအတွင်းမှ ထွက်လာသောအခါ၊ လမ်းခရီးအကြား ရောက်ရာအခါ၊ ဆွမ်းစားခြင်း ကိစ္စပြီးသည့်အခါ၊ နေ့သန့်ရာ အခါ၊ ခြေဆေးရာ အခါ၊ မျက်နှာသစ်ရာအခါ တို့မှာလည်း မအားသေး၊ နောက်ဆုံးတော့ အရုဏ်တက်သည် အထိ စာတက် မည့်သူများရှိနေဆဲသာ ဖြစ်လေ၏။ “သာသနာ တော်၏ အသက်သည် ပရိယတ်”ဟု ပြတ်သားစွာ ခံယူခဲ့သော နောင်တော်စာချဘုန်းကြီးများ၏ ဇွဲမာန်တည်း။

မြတ်ဆုမွန်စာစောင် အဟောင်းကလေးတစ်ခုမှာ ဖတ်ဖူး သော ဆရာ ရဝေထွန်းရေးသည့် ‘စာချ ဘုန်းကြီး’ အမည်ရှိ စာကလေးတစ်ပုဒ်ကို မှတ်မိသမျှ ပြောပြပါမည်။ သီဟိုဠ်ကျွန်းက ကျောင်းတိုက် ကြီးတစ်တိုက်မှာ စာချဘုန်းကြီး လေးတစ်ပါးရှိ၏။ စာချ အလွန်ကောင်းသဖြင့် စာတက်၊ စာသင်သူ များလှသည်။

အဖွဲ့လိုက်ရော တစ်ဦးချင်းပါ အမျိုးမျိုး သင်ကြားပေး နေရသည်။ အားချိန်နားချိန် သိပ်မရှိ ဥပုသ်နေ့တောင်မနားရ၊ မိဘများရှိရာ ဇာတိရပ်ရွာသို့ပင် ပြန်မကြွနိုင်။ တစ်နေ့တော့ ရွာမှ ဒကာတစ် ယောက်ရောက်လာပြီး ‘အရှင်ဘုရား ခမည်းတော်ကြီး နာမကျန်းဖြစ်နေသဖြင့် ကြွရောက်တော်မူပါ”ဟု လျှောက်သည်။ ကြွဘို့အားလပ်ချိန် ရှာကြည့်ရင်းသုံးရက်ခန့်သာ ကြာသွားသည်။ မကြွဖြစ်သေး။

လေးရက်ခန့်ကြာသောအခါ ဒကာကြီးဆုံးသွား၍ အသုဘရှုကြွရန် လာပင့်တော့သည်။ မဖြစ်မနေ သွားရပေတော့မည်ဟု ဆုံးဖြတ်ပြီး ရွာပြန်မည့် ညှ ခမည်းတော်ကြီးအကြောင်း တွေးနေမိသည်။ သူငယ်စဉ်က ကုန်းပိုး၍ ကျောင်းလိုက်ပို့ပုံ၊ ပညာသင်ချင်လာအောင် ဆွဲဆောင်ပုံ၊ စာတတ်ပုဂ္ဂိုလ်ကြီး ဖြစ်အောင် ကြိုးစားဖို့ဆုံးမပုံ . . စသည်. . . စသည်။ စဉ်းစားရင်း အိပ်ပျော်သွားသည်။ အလင်းရောင် တွေ အခန်းထဲဝင်လာမှ "မိုးလင်းမှကိုး၊ ရွာပြန်မှဘဲ" ဟုတွေးပြီး မျက်နှာသစ်ရန် ထလိုက်တော့ ကုတင်ခြေရင်းမှာ နတ်သားတစ်ဦး လက်အုပ်ချီလျက် ရပ်နေတာမြင်ရလေသည်။

ရုတ်တရက်သူပို့ချနေသော ပါဠိစာတော်များတွင် မကြာခဏတွေ့ နေရသော သိကြားမင်းကြီးဟု အောက်မေ့သဖြင့် မေးမြန်းကြည့်ရာ သိကြားမင်း မဟုတ်ဘဲ ကွယ်လွန်သွားသော ခမည်းတော်ကြီး ဖြစ်ကြောင်း သိရတော့၏။ စာချဘုန်းကြီးက အံ့သြဝမ်းသာကြီးဖြစ်ပြီး "ဩော် ဒကာကြီး နတ်ပြည် ရောက်မှသာ ရောက်ရော၊ ဦးပဥ္စင်းက စာဝါတွေမအားတာနဲ့ ဒကာကြီးတို့ဆီလာပြီး နတ်ပြည်ရောက် ကြောင်း တရားကောင်းလေးများတောင် မဟောလိုက်ရပါလား" ဟုမိန့်တော့ နတ်သားကြီးက "အရှင်ဘုရား ကလာပြီးမဟောပေမဲ့ တပည့်တော်မှာ နေ့စဉ်နေ့တိုင်း စိတ်ထဲက အာရုံပြုပြီး အခုအချိန်မှာဖြင့် ငါ့သားဘုန်းကြီး စာတွေချ နေရော့မည်၊ စာတွေ ကြည့်နေရော့မည်၊ စာတွေ ဆွေးနွေးနေရော့မည်၊ ကျမ်းတွေပြုနေရော့မည်၊ ဘုရားဝတ်ပြုမေတ္တာပို့ နေရော့မည်။

နေ့ပရိတ်ယတ် ညပဋ္ဌိပတ်ဆိုသလို တရားတွေ ရှုမှတ်နေရော့မည်။ စသည်ဖြင့် အရှင်ဘုရားကို အကြောင်းပြုပြီး ကုသိုလ်တွေ အမြဲရနေပါသည်ဘုရား။

အဲဒီကုသိုလ်တွေကြောင့် တပည့်တော် နတ်ဘဝရရှိခြင်းပါဘုရား။ အခုလဲ ဒီအကြောင်းတွေကို သိအောင် သားဘုန်းကြီးကို လာရောက် လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား၊ ပြန်ခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ထားပြီး ပျောက်ကွယ်သွားလေသည်။ အလင်းလည်းပျောက်၍ အမှောင်တွေဖုံးလွှမ်းသွား တော့၏။ သို့မှ မိုးမလင်းသေးကြောင်း သိရလေသည်။ ထိုအခါ စာချဘုန်းကြီးက ဆုံးဖြတ်ချက်ချလိုက် တော့သည်၊ မနက်ဖြန် ခမည်းတော်ကြီး အသုဘမကြွတော့ဘဲ ပို့ချမြဲ စာဝါများကိုသာ ပို့ချတော့မည်" ဟု ဤသည်လည်း ဘုရားမကွယ်အောင် ကြိုးစားနေသော စာချဘုန်းကြီးတို့၏ ပေးဆပ်မှုတည်း။ ဤသို့အားဖြင့် ဤစာရေးသူတို့၏ ကျေးဇူးတော်ရှင်၊ ဗဟန်းပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီး၏ ပဓာန နာယက အဘိဓဇဆရာတော်ဘုရားကြီးသည်လည်း-

စာချဘုန်းကြီးဘဝကို သံဃဝေယျာဝစ္စ၊ တိုက်တာဝေယျာဝစ္စများကို ဆောင်ရွက်ရင်း တန်ဖိုးရှိစွာ ဖြတ်သန်းခဲ့ပါသည်။ "ဗဟုရောဂ သာဓာရဏ ဘာဝေန အသာရဿ ကာယဿ သီလံ **နာမ** သာရော" ဟူသော ပါဠိအတိုင်း ရောဂါများစွာတို့ဖြင့် ဆက်ဆံ၍ နေသည့်အတွက် အနှစ်မရှိသော ခန္ဓာကိုယ်မှ သီလ တည်းဟူသော အနှစ်ကို ထုတ်ယူနိုင်ခဲ့ခြင်းပါတား။ "ရောဂါများစွာ၊ ဆက်ဆံရာမို့၊ ဤကိုယ်ခန္ဓာ၊ အကာပြွပြွ၊ အနှစ်မဲ့၏။ အနှစ်ထုတ်

ကာ ယူလိုပါမူ၊ ဝေယျာဝစ္စ၊ သီလတရား ကောင်းမှုများကို ကြိုးစား အားထုတ်၊ ကိုယ်ဖြင့်လုပ်" ဟူသော ဗုဒ္ဓလမ်းညွှန်ချက် အတိုင်းသာတည်း။

လွန်ခဲ့သောနှစ်က ဤစာရေးသူ ညောင်တုန်းတိုက်သို့ ရောက်ခဲ့စဉ် ဆရာတော်နှင့်အတူ ဆွမ်းစားရာ "ဆွမ်းစားလျှင် အဆင်မပြေသဖြင့် ကွေကာအုပ်၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ မြူစွမ်ပြုတ် စသည်များကိုသာ ဘုဉ်းပေးနေကြောင်း" သိခဲ့ရပါ၏။ ရောဂါကြီးတစ်ခုခု ကပ်ရောက်နေခြင်းတော့မရှိ ဟု သိရသဖြင့် ဝမ်းမြောက်ရပါသေး၏။ ယခု ၁၃၇၂-ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်တွင် သက်တော် (၉၁) နှစ်ပြည့်ခဲ့သော ပထမကျော် (၈) ပါးနှင့် အဂ္ဂမဟာအကျော် တပည့်များ မွေးဖွားပေါ်ထွန်းရာ ဗဟန်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီး၏ ပဓာန နာယက သက်တော်ရှည် အဘိဓေ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက်နိုင်ရန် "သက်တော် ရာကျော် ရှည်ပါစေသော်" ဟု တပည့်ဒကာဒကာမ အပေါင်း သူတော် ကောင်းတို့က မေတ္တာရေလောင်း၍ သောင်းသောင်းဖျဖျ ဆုတောင်း ကြပါစို့-ဟု တိုက်တွန်းရင်း အောက်ပါ ကဗျာကလေးဖြင့် နိဂုံးချုပ်အပ်ပါသတည်း။

ဆရာတော်-
ရာကျော်သက်ရှည်ဘို့
တပည့်တွေ မေတ္တာလောင်း၊
ဆုတောင်းကြစို့။

*ဓမ္မမိတ္တ (ပေါက်ခေါင်း)*
*ဦးဇေ (စာချ) ပညာဇောတာရုံ စာသင်တိုက်*
*ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်း။*
*နဝရတ်ရတု ဂုဏာပူဇာ စာစောင်*

(ဓမ္မမိတ္တ-ကလောင်ပိုင်ရှင် စာချဘုန်းတော်ကြီး ဦးဇေမှာ စာအသင်အပြ စာချကောင်းသလို ဆောင်းပါးဝတ္ထု ရတု ကဗျာ ရေးသားရာ၌လည်း ကျွမ်းကျင်၏၊ အဟောအပြောကောင်း ဓမ္မကထိက ဆရာတော်တစ်ပါးလည်း ဖြစ်သည်၊ ထိုစာချ ဘုန်းတော်ကြီး စာရေးဆရာ ဓမ္မကထိက စွယ်စုံရသည့် ဦးဇေသည် ၁၃၇၄-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၁၀)ရက်နေ့တွင် ပျံလွန်တော် မူသွားပါပြီ၊ အလွမ်းဖြေစရာအဖြစ် ဤဝတ္ထုကို ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်)

# ကျော်သုံးကျော်နှင့် လှုံရတနာဆရာတော်

ပရိယတ္တိသာသနာလောကမှာ အံ့သြလေးယူလောက်အောင် ထူးချွန်ထက်မြတ်သော သံဃာတော် များအကြောင်းကို တစ်ဆင့်စကားဖြင့် ကြားဖူးသည်များရှိသလို ကိုယ်တိုင်ကြုံတွေ့ဖူးသည်များလည်း ရှိသည်။ တော်၏ ထူးချွန်၏ ကောင်းသင့်သလောက် မကောင်းခဲ့သူများ တော်၏ ထူးချွန်၏ ကောင်းသင့်သည်ထက် ပိုကောင်းသူများကိုလည်း ကြုံခဲ့ဖူးသည်၊ ထူးချွန်ထက်မြတ်သလောက် သာသနာတော်အကျိုး များစွာသယ်ပိုးဆောင်ရွက်သွားသူများရှိသလို ထူးချွန်ထက်မြတ်ပါလျက် နေတတ်သလိုနေသွားပြီး သာသနာတော်အတွက်၊ လောကအတွက်

ဘာမှမဖြစ်ထွန်းခဲ့သော သူများနှင့်လည်းဆုံခဲ့ဖူးသည်၊ ဆိုလိုသည်မှာ မိမိကျွမ်းကျင် တတ်သိထားသော ပညာများဖြင့် သာသနာအကျိုး၊ လောကအကျိုးသယ်ပိုး ထမ်းရွက်သွားဖို့ လိုအပ်ပါသည်။ သို့မှသာ တော်လည်းတော်၊ ကောင်းလည်းကောင်း၊ (သူတော်ကောင်း) ဖြစ်ကာ သမိုင်းမော်ကွန်း ဖော်ညွှန်းကဗျည်းတင်ခြင်း ခံရလိမ့်မည်။ တော်၍ကောင်းသော သူတော်ကောင်း အများစုသည် ကိုယ့်အရေးထက် အများအရေးကို ပို၍အလေးအနက်ထားတတ်ကြသည်။ ကိုယ့်အရေးကိုယ့်အတွက် ကိုယ်ကောင်းစားရေးကိုတော့ မထူးချွန် မထက်မြက်သူတို့လည်း သိကြသည်။ သို့ကြောင့် ထူးချွန် ထက်မြက်သူတို့၏ (ဂုဏဝိသေသ)သည် အများကောင်းစားရေး သယ်ပိုးလိုစိတ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

သက်ရှိလောက တစ်ခုလုံး၏ အထူးချွန်အထက်မြက်ဆုံးဖြစ်သော မြတ်ဗုဒ္ဓသည် ဘုရားအဖြစ် တည်ရှိခဲ့သော (၄၅)နှစ်တာ ကာလပတ်လုံး မနေမနား ဥဿာဟထား၍ အများအကျိုးကို ချည်းသာ ဆောင်ရွက်တော်မူသွားခဲ့သည်။ မြတ်ဗုဒ္ဓသည် အများအကျိုးကို ဦးတည်ချက်ထား ဆောင်ရွက်သွားခြင်းကြောင့် လောကသား အများစုကြီးကလည်း အများအကျိုးဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သောဗုဒ္ဓကို သက်ရှိထင်ရှား မရှိတော့သော်လည်း ယနေ့ထက်တိုင် တမ်းတ အမှတ်တရ (ပူဇော်ဂုဏ်ပြု) နေကြဆဲဖြစ်သည်။ ဆိုလိုသည်မှာ မြတ်ဗုဒ္ဓကို အမှတ်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်ရသည်၊ မဟတ္တမဂန္ဒီကို အမှတ်

ရသည်၊ အီဗရာဟီ လင်ကွန်းကို အမှတ်ရသည်။ သောမက် အက်ဒီဆင်ကို အမှတ်ရသည်။ ယင်းပုဂ္ဂိုလ်တို့ကို အမှတ်ရနေခြင်းသည် သူတို့၏ အများအကျိုး သယ်ပိုးထမ်းရွက်ခဲ့သော ဂုဏဝိသေသကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ထူးချွန်ထက်မြက်သူတို့အနေဖြင့် မိမိ၏ ထူးချွန်ထက်မြက်မှုကို အသုံးချ၍ လောကအကျိုး၊ သာသနာ အကျိုး၊ အများအကျိုး သယ်ပိုးထမ်းရွက်သွားဖို့ အထူးလိုအပ်ပါသည်။ ဤနေရာတွင်လည်း အဆောက်အဦး (စေတီရုပ်ပွား)တည်ထားခြင်းထက်၊ အသိဉာဏ် သာသနာပွင့်လင်းတည်တံ့ပြန့်ပွားအောင် ဖြန့်ဖြူးပေးခြင်းက ပိုပြီးထိရောက် အကျိုးများမည်ဟု စာရေးသူ ယူဆပါသည်။ အဆောက်အဦး (စေတီရုပ်ပွား)စသည်များ ထုနှင့် ထည်နှင့်ပေါ်များစွာ ကျန်ရှိနေပါသော်လည်း အသိဉာဏ်သာသနာ ကွယ်ပျောက်ခဲ့သောကြောင့် ဗုဒ္ဓသာသနာ ကွယ်ပျောက် ဆုံးရှုံးခဲ့ရသော အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံများစွာကို သမိုင်းအထောက်အထားများအရ ကြေကွဲဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါသည်။ စဉ်းစားဆင်ခြင်နိုင်ကြရန် စာရေးသူ၏အမြင်ကို တင်ပြခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ပညာပါရမီအကျိုးပေးသန်သော၊ ပရိယတ္တိသာသနာလောက၌ လွန်စွာမှ လင်းလက် တောက်ပသော၊ ဝါကြီးဝါငယ် ရဟန်းအားလုံး၏ အားကျငေးမောခြင်းကို ခံယူလောက်အောင် ထူးချွန် ထက်မြက်သော ဆရာတော်တစ်ပါးအကြောင်းကို တင်ပြလိုပါသည်၊ ထိုအရှင်မှာ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်မှ ဘဒ္ဒန္တနာရဒါဘိဝံသ ဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသကို အဖဦးသိန်းရ + အမိ ဒေါ်ခင်ညွန့်တို့မှ ၁၃၂၂-ခု၊ တန်ဆောင်မုန်း လဆန်း(၄)ရက် စနေနေ့တွင် ဖွားသန့်စင်သော အတိဇာတသားရတနာဖြစ်သည်။ မွေးချင်းလေးဦးတွင် တတိယမြောက် သားရတနာဖြစ်သည်၊ လောကီပညာရေးတွင် အစိုးရမူလတန်းမှ စတုတ္ထတန်းကို အရာတော်မြို့နယ်တွင် ပထမရလျက် အောင်မြင်သည်။ ၁၃၃၂-ခု (၁၀)နှစ်သားအရွယ်တွင် မန်ကျီးစောက်ရွာ၊ ရွှေထီးပေါက် ဆရာတော် ဦးမာလာကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ၁၃၃၅-ခုနှစ်တွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဒေါနမြဲ့အုဋ်ကျောင်းသို့ ရောက်ရှိပြီး ပရိယတ္တိစာပေများ စတင်သင်ယူသည်။

၁၃၃၆-ခုနှစ်တွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ထီးတော်ရိပ်ဖြစ်သော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်သို့ ရောက်ရှိပြီး ထိုနှစ်မှာပင် အစိုးရပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ ၁၄-နှစ်သား ရှင်နာရဒသည် တစ်နိုင်ငံလုံး ပထမရခဲ့သည်။ ၁၇-နှစ်အရွယ်တွင် အစိုးရပထမကြီးတန်း၌ တစ်နိုင်ငံလုံး ပထမရရှိပြီး ပထမကျော်ဘွဲ့ ဆွတ်ခူးရရှိခဲ့သည်။ ဆူးလေစေတီ အဘိဓမ္မာစာမေးပွဲတွင်လည်း အဘိဓမ္မာ ပါဠိတော် (၄)အုပ်ကို ရှင်သာမဏေဘဝဖြင့်ပင် ဖြေဆိုအောင်မြင်သောကြောင့် စူဠအာဘိဓမ္မိကဝိသိဋ္ဌ အဂ္ဂဝိသာရဒဉာဏဘွဲ့ ရရှိခဲ့သည်။

၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် (၃)ရက်နေ့တွင်• ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ သာသနမဏ္ဍိုင်

သိမ်တော် အဂ္ဂမဟာပဏ္ဍိတ ဗားကရာဆရာတော် ဦးနာဂဝံသကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒါယကာ ဦးကြွေ+ရဟန်းဒါယိကာမ အမေစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ ပရိယတ္တိစာမေးပွဲလောက၌ လွန်စွာခက်ခဲ သည်ဟု နာမည်ကြီးသော မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ)ဓမ္မာစရိယစာမေးပွဲစာသင်တန်း/စာချတန်းတို့ကို ရဟန်းဝါ (၂)ဝါ မျှဖြင့် နံပါတ်တစ် ပထမနေရာမှ အောင်မြင် ခဲ့သည်။ ၎င်းရဟန်း (၂)ဝါအရမှာပင် နိုင်ငံတော်အစိုးရ ဓမ္မာ စရိယ စာချတန်းတွင်လည်း ကျမ်းရင်းသုံးကျမ်းလုံးကို တစ်နှစ် တည်းဖြင့် ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရရှိခဲ့ပြီး သာသနဓဇ ဓမ္မာစရိယ (အဂ္ဂမဟာအကျော်)ဘွဲ့ကို ၂၂-နှစ်အရွယ်နှင့် ရရှိခဲ့သည်။ ရဟန်း (၃)ဝါအရတွင်မူ ရန်ကုန်မြို့ ရွှေတိဂုံဘုရား ရင်ပြင်တော်တွင် ကျင်းပပြုလုပ်သည့် စေတီယင်္ဂဏ စာမေးပွဲ တွင်လည်း တစ်နှစ်တည်းဖြင့် စာသင်တန်း/စာချတန်း ကျမ်းရင်း သုံးကျမ်းလုံးကို အမှတ်အများဆုံးဖြင့် (ပထမရလျက်) အောင်မြင် သောကြောင့် စေတီယင်္ဂဏဓမ္မာစရိယ ဂဏဝါစက ဝံသကာ (အဋ္ဌကထာပြန် အကျော်)ဘွဲ့ကို ရွှေတံဆိပ်နှင့်တကွရရှိခဲ့သည်။ အစိုးရဓမ္မာစရိယ စာမေးပွဲတွင်လည်း ပဋိသမ္ဘိဒါမဂ်ဘာသာဖြင့် သီရပဝရ ဘွဲ့တံဆိပ်တော် ရရှိသလို ဝိနယပါဠိပါရဂူဘွဲ့ကိုလည်း ရရှိခဲ့သည်။ အစိုးရနိကာယ်စာမေးပွဲတွင်လည်း ဝိနည်းငါးကျမ်း ပါဠိတော်ကို ဂုဏ်ထူးဖြင့်အောင်မြင်သောကြောင့် ဝိသိဋ္ဌ ဝိနယဝိဒူ ဘွဲ့ရရှိခဲ့ပြီး တိပိဋကစာမေးပွဲတွင်လည်း ဝိနည်းငါးကျမ်းမှ ရှေ့ပိုင်း

နှစ်ကျမ်းကို အာဂုံ/ သဘောရေးဖြေ အောင်မြင်သောကြောင့် ဥဘတောဝိဘင်္ဂရေ ကောဝိဒဘွဲ့ကို ရရှိခဲ့သည်။

လှ္ယရတနာဆရာတော်သည် အသက်ငယ်စဉ် (၂၃)နှစ် အရွယ်မှာပင် အဆင့်မြင့်ပရိယတ္တိစာမေးပွဲများ၌ နံပါတ်တစ် နေရာမှ အောင်မြင်ခဲ့သည်ကို တွေ့ရသည်။ ပထမကြီးတန်း- ပထမကျော်၊ ဓမ္မာစရိယတန်း-အဂ္ဂမဟာအကျော်၊ စေတီယင်္ဂဏ- အဋ္ဌကထာပြန်အကျော် ဤကဲ့သို့ ပရိယတ္တိစာမေးပွဲလောက လွန်စွာ အလေးအနက်ထားရမည့် စာမေးပွဲများ၌ တစ်ပါးတည်း- ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန် အကျော်- ဟုဆိုအပ်သော ကျော်သုံးကျော်ရသော ပုဂ္ဂိုလ်မျိုး ယခင်ကလည်း မရှိခဲ့ဖူးသလို နောင်တွင်လည်း ပေါ်ထွက်ရန် လွန်စွာခက်ခဲ ပါလိမ့်မည်။ တိပိဋကဆရာတော်များ ၁၄/၁၅ ပါးပေါ်ထွက် ခဲ့သော်လည်း အထက်တွင် တင်ပြခဲ့သည့် ကျော်သုံးကျော်ရ အရှင်မြတ်ကား ယနေ့အချိန်ထိ လှ္ယရတနာ ဆရာတော်တစ်ပါး တည်းသာ ရှိပါသည်။ အချို့ကား ထူးချွန်ထက်မြတ်၍ စာမေးပွဲများ အောင်ထားကြပါ၏။ သို့သော် လောကအတွက်၊ သာသနာ အတွက်၊ မိမိ၏ အတတ်ပညာဖြင့် ဘာမှမယ်မယ်ရရ ကောင်းကျိုး ပြုမသွားကြ။ အချို့ကား ရဟန်းဘဝကို စွန့်လွှတ်၍ လူ့လောကသို့ ကူးပြောင်းသွားကြသည်၊ နှမြောစရာ ကောင်းလှပါ၏။ လှ္ယရတနာဆရာတော်ကား ထိုသို့မဟုတ် မိမိတတ်မြောက်ထားသော အသိပညာများကို ရာပေါင်းများစွာသော စာလိုက်သံယာတော် များကို မျှဝေဖြန့်ဖြူး ပေးလျက်ရှိသည်။

လှုရတနာဆရာတော်သည် အဆောက်အဦး (စေတီဘုရားများထက်)အသိဉာဏ်သာသနာ ပြန့်ပွားရေးက ပို၍ ပဓာနကျကြောင်း သိရှိပြီးဖြစ်သည်။ အထက်တန်းကျ၍ အဆင့်မြင့် ဘွဲ့တံဆိပ်တော်များ ရရှိထားသဖြင့် ဓမ္မကထိကလုပ်၍ တရားဟောစားမည်ဆိုကလည်း အောင်မြင်ကျော်ကြားမည်သာဖြစ်၏၊ သို့သော် လှုရတနာ ဆရာတော်သည် အလွယ်လမ်းသို့ မလိုက်၊ ထင်ပေါ်ကျော်ကြားလိုမှုတို့ကို ဥပေက္ခာ ပြုခဲ့သည်။ သာသနာတော်အတွက် အဓိကနှင့်သာမည့ကို ခွဲခြားသိမြင်ပြီးဖြစ်သည်။ ပရိယတ္တိပညာရပ်နို့ သောက်စို့ရန် ငံ့လင့်နေကြသော စာသင်သားများ၏ မျှော်လင့်တောင့်တမှုကို မည်သို့မည်ပုံ မျက်နှာလွှဲ(ဂဲ)ပစ် လုပ်ရပ်ပါမည်နည်း။ သို့ကြောင့်လည်း စာချဆရာတော်ဘွဲ့ကို ကျေကျေနပ်နပ် ရွေးချယ်ခဲ့သည်။ အဖဘုရားမျက်နှာနှင့် သာသနာတော်ရှေ့ရေးကိုသာ ဦးစားပေး ရွေးချယ်ခဲ့သည်။

လှုရတနာဆရာတော် စာချဆရာတော်ဘွဲ့ကို ရွေးချယ်ခဲ့ခြင်းမှာ ဆရာသမားကောင်းတို့၏ လမ်းကြောင်းမှန်ကို မမှိတ်မသုန် လိုက်ခြင်းဟု ဆိုရပါမည်။ လှုရတနာဆရာတော်၏ ပရိယတ္တိဆရာသမား များကလည်း မန္တလေးမြို့မှ ပေါက်မြိုင်ဆရာတော်၊ အမရပူရဆရာတော်၊ မစိုးရိမ်ဆရာတော် ဦးကောဝိဒါဘိဝံသ၊ စာချအကျော် ပတ္တမြားဆရာတော် ဦးသြဘာသာဘိဝံသစသော ပရိယတ္တိအာဇာနည်ဆရာတော်ကြီးများ ဖြစ်ကြသည်။ လှုရတနာကျောင်း ဆရာတော်သည်လည်း

မှုရင်းကောင်း၍ မိတ္တူကောင်းသည်။ မျိုးစေ့မှန်၍ အပင်သန်ရခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ကျောင်းတိုက်အတွက် ကျေးဇူးများခြင်း၊ ရဟန်း (၃)ဝါနှင့် စာချဘုန်းကြီးခန့်အပ်ခံရခြင်း တို့ကြောင့် (၄၃)နှစ်အရွယ်နှင့် ပါဠိတက္ကသိုလ်ညောင်တုန်း ကျောင်းတိုက်၏ နာယကအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပညာမတန်က မာန်ထန်သည်။ ပညာရှိက မာန်နတ္ထိဟု စစ်ကိုင်းကျွစွာချောင် ဆရာတော်ကြီး၏ အဆုံးအမကို နာကြားခဲ့ရဖူးသည်။ လှရတနာ ဆရာတော်သည်လည်း ပညာချွန်သလောက် မာန်တံခွန် မမောက်သူ ဖြစ်သည်။ မပြည့်အိုးတို့ ဘောင်ဘင်ခတ်သလောက် ရေပြည့်အိုးတို့ တည်ငြိမ်နေသည်ကား သဘာဝကျသော ပြယုဂ်ဖြစ်သည်။

လှရတနာဆရာတော်သည် စာချသက်သက်သာမဟုတ်၊ သာသနာတော်အတွက် ကျေးဇူးများမည့် ကျမ်းစာပေရေးသား ပြုစုခြင်း (၄၇)အုပ်၊ မြန်မာနှင့် ကမ္ဘာတွင်ရှိသော ဗုဒ္ဓခြေတော်ရာ တို့ကို မူမှန်ဖြစ်အောင် ကျမ်းဂန်စာပေတို့နှင့်တိုက်ဆိုင်၍ စင်ကြယ် သန့်ရှင်းအောင် (မူမှန်)ထုလုပ်လျက် ဥဒ္ဒိဿစေတီ တည်ထား ကိုးကွယ်ခြင်း၊ စွယ်တော်ရတနာစေတီ တည်ထားပူဇော်ခြင်း ဆံတော်ရတနာစေတီ တည်ထားပူဇော်ခြင်း၊ မဟာဗောဓိပင် စိုက်ပျိုး၍ ပရိဘောဂစေတီအဖြစ် ကိုးကွယ်ပူဇော်ခြင်း၊ မဟာသမယ သုတ္တန်ဒေသနာတော် ပြန့်ပွားရေးအတွက် စာအုပ် စာတမ်းများ၊ ကမ္မဝါများပြုလုပ်၍ ငွေကြေးများစွာ အကုန်အကျ ခံကာ ပုံနှိပ်လှူဒါန်းခြင်း၊ ရဟန်းအမကြီးဒေါ်ယဉ်မေ၏ မတည် လှူဒါန်းငွေဖြင့် ဘက်စုံသုံးအဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး

ဦးဆောင် ဆောက်လုပ်လှူဒါန်းခြင်းစသော သာသနာတော် အတွက် အထောက်အကူပြုမည့် လုပ်ဆောင်မှုတို့ကိုလည်း စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ဒကာ+ဒကာမများကို ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။ အခြားသော အများအကျိုးပြု လုပ်ငန်းများစွာကိုလည်း ယခင်ကပြုလုပ်ခဲ့ဖူးသလို ယခုတိုင်လည်း ပြုလုပ်နေဆဲဖြစ်သည်။

အချုပ်ဆိုရလျှင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ တည်ထားခြင်း၊ သိန်းပေါင်းများစွာ ထိုက်တန်သော အဆောက်အဦး များကို ဆောက်လုပ်ခြင်းစသည်တို့မှာ မိမိကို ကိုးကွယ်ဆည်းကပ် သော ဒါယကာ၊ ဒါယိကာမ များက ငွေကြေးဥစ္စာပြည့်စုံလျှင် ဆရာဖြစ်လိုတာ ဒကာတို့က နောက်မှလိုက်၍ငွေကြေးဖြင့် ထောက်ပံ့လေ့ ရှိတတ်ကြပါသည်။ ဤကိစ္စသည် ဒကာရှိလျှင် ဖြစ်သည် ထက်မြတ်ထူးချွန်ရန် သိပ်မလိုအပ်ဟု သုံးသပ်ရပါသည်။ ပိဋကတ်ဆိုင်ရာ ကျမ်းဂန်စာပေပို့ချပေးခြင်း၊ စာပေရေးသား ပြုစုခြင်းတို့ကား ဒကာနှင့်မဆိုင် ဆရာတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်။ ဒကာတွေက ပစ္စည်းဥစ္စာနှင့်နောင်ပိုင်းက ထောက်ပံ့ ပေးလို့မရ။ ဆရာကိုယ်တိုင်က ဆိုင်ရာ ကျမ်းဂန်စာပေတို့ကို ကျွမ်းကျင် နားလည်တတ်မြောက် (ထက်မြတ် ထူးချွန်)မှသာ ဖြစ်နိုင်ပါသည်။ တတ်သိနားလည်ပါစေ၊ ထူးချွန်ထက်မြတ်ပါစေ၊ အကောင်းအဆိုး ခွဲခြားဝေဖန်နိုင်ပါစေ၊ ငါ၏ လုံ့လပယောဂ အားထုတ်မှုကြောင့် သာသနာတော် အကျိုးဖြစ်ထွန်းပါစေဆိုသော စေတနာသဒ္ဓါ

တရားနှင့် အပင်ပန်းခံလိုစိတ် ရှိဖို့လည်း လိုအပ်ပါသည်။ လှရတနာဆရာတော်ကား ထူးချွန် ထက်မြက်သူလည်း ဖြစ် ဘုရားရှင်အပေါ် ကြည်ညိုဆည်းကပ်မှု သဒ္ဓါတရားလည်း ထက်သန်သူဖြစ်သဖြင့် သာသနာတော်အတွက် အဓိကကျသော၊ မိမိကိုယ်တိုင်ကလည်း ထက်မြက်ထူးချွန် ဦးဆောင်မှုရသော သာသနာပြုနည်းဖြစ်သည့် အသိဉာဏ်ပြန့်ပွားရေး ပရိယတ္တိ သာသနာပြုလုပ်ငန်းများကို အရိုးကြေ အရေသွေ့စေတော့ ဦးလည်မသုန် ထမ်းဆောင်သယ်ပိုးသွားမည့် ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဝေမိုး (ကျွန်းလှ)
အမှတ်(၁၃၁)၊ အိုအေစစ်ဂျာနယ်
(၂၅၊ ၈၊ ၂၀၁၄)

# ဘဝရဲ့ အားထားစရာ

## ပုညကိရိယဝတ္ထု (၃)ပါး

ဒါန သီလ၊ မြတ်ပုညကို၊ လူကသာမေ့၊ ကံမမေ့ဘူး၊ ဘယ်နေ့ ဘယ်ည၊ ဘယ်ခဏတွင်၊ ကောင်းမှုရှင်၏၊ လိုအင်ဆန္ဒ၊ ကျိုးဖလကို၊ ပေးရမည်နည်း၊ သိမ်းဆည်းအခွင့်၊ စောင့်မျှော်လင့်၏။

## ကိုယ်စောင့်တရား (၄)ပါး

ဘုရားအာရုံ၊ မေတ္တာထုံ၍၊ တဖုံကာယ၊ အသုဘနှင့်၊မရဏာသတိ၊ ဤလေးလီ၊ ကိုယ်စီ စိတ်စောင့်တရားတည်း။

## ကျင့်ရန်တရား (၄)ပါး

(၁) ရတနာသုံးပါး၊ ဂုဏ်တော်ပွား၍၊ (၂) လှူပြီးဒါန၊ စောင့်သီလနှင့်၊ (၃) ပို့သမေတ္တာ၊ ဖြန့်ဝေကာလျက်၊ ဤသုံးချက်ပြင်၊ (၄)မှတ်လျှင် သတိပဋ္ဌာန်၊ ပွားများပြန်က၊ ကျင့်ရန်ဓမ္မ၊ လေးမျိုးပြ၏။

## အဆောင်လက်နက် (၅)ပါး

မေတ္တာပွား၍၊ ပရိတ်ရွတ်ဆို<br>
အသုဘ္ဘူပြား၊ သေခြင်းပွားလို<br>
သံဝေရှုလို့၊ ငါးစုထိုထို<br>
နေ့စဉ်အား၊ ဆောင်ထားလက်နက်ကို။